# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ စနေနေ့။ Saturday, 31 December 2022 ၁၀၉၆၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၃၀

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုအားပေး

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အားကစားအသင်းများ အလိုက်အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။





ယနေ့ ဖတ်စရာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက် စာမျက်နှာ » ၆

ပြည်တွင်း အထည်ချုပ်လုပ်သည့် လုပ်ငန်းရှင်များအတွက် လိုအပ်သော ချည်မျှင်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားဆောင်ရွက် စာမျက်နှာ » ၇

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇) စာအုပ်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ စာမျက်နှာ » ၈

စိန်ရတုလွတ်လပ်ရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးသည်မှာ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယသို့ ရောက်ရှိလာပြီဖြစ်သည်။ ဘိုးဘွားဘီဘင်များက လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေး၊ ဘဝများပေးဆပ်ကြကာ ခက်ခက်ခဲခဲ ရယူပေးခဲ့သည့်လွတ်လပ်ရေးကို မျက်မှောက်ကာလ လွတ်လပ်သောနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့က ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် တာဝန်ရှိပေသည်။

နိုင်ငံသူ နိုင်ငံသားအပေါင်းတို့သည် ဤမြေတွင်နေ၊ ဤရေကိုသောက်၊ ဤမြေတွင်ကြီးပြင်း၊ ဤမြေတွင် တိုးတက်ဖြစ်ထွန်းလာကြသည်ဖြစ်၍ ဤနိုင်ငံ၏ ကျေးဇူးကို သစ္စာစောင့်သိကြရမည် ဖြစ်သည်။ ဤနိုင်ငံကြီး အစွန့်ရှည်သာယာဝပြောစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းသည် ဤနိုင်ငံကို ကျေးဇူးသိရာရောက်သလို ကာကွယ်စောင့်ရှောက်ခြင်းလည်းမြောက်ပေသည်။ လွတ်လပ်သောနိုင်ငံတွင် နေထိုင်ကြသော နိုင်ငံသားအပေါင်းတို့သည် လွတ်လပ်ခြင်း၏အသီးအပွင့်များကို ရရှိခံစားနေကြသည်ဖြစ်သလို လွတ်လပ်ရေးအသီးအပွင့်များ မပျက်စီးအောင်လည်း ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။

ရှေးယခင်က နိုင်ငံတစ်နိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က စစ်ရေးအရ ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခြင်းဖြင့် ထိုနိုင်ငံကျဆုံးကာ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးပါ ဆုံးရှုံးခဲ့ရသည်။ စစ်အေးကာလတွင်လည်း ကိုလိုနီနယ်ချဲ့လက်သစ်များသည် နိုင်ငံတစ်နိုင်ငံအပေါ် စစ်ရေးဖြင့် ဝင်ရောက်ကျူးကျော်စွက်ဖက်မှုများရှိခဲ့သည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေးအခြေအနေများ ပြောင်းလဲလာမှုကြောင့် လက်နက်အားကိုးဖြင့် ဝင်ရောက်ကျူးကျော်သိမ်းပိုက်သည့်ပုံစံမရှိတော့ဘဲ နယ်ချဲ့လက်သစ်တို့သည် သွယ်ဝိုက်သောနည်းလမ်းအမျိုးမျိုးဖြင့် နိုင်ငံတစ်နိုင်ငံပြိုလဲပျက်စီးသွားအောင် လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

အသိုက်အမြုံတစ်ခု ပျက်စီးစေရန် စုစည်းထားသောအားမာန်များအား ဖြိုလှဲပစ်သည့်နည်းလမ်းကို နယ်ချဲ့လက်သစ်က ကျင့်သုံးကြသည်။ နိုင်ငံတစ်နိုင်ငံ၏ စည်းလုံးညီညွတ်မှု ပျက်စီးစေရန်အတွက် နိုင်ငံအတွင်းရှိ နိုင်ငံသားအချင်းချင်း၊ အုပ်စုအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန်အတွက် သဘောတရားရေးအားဖြင့်လည်းကောင်း၊ ငွေအားဖြင့်လည်းကောင်း၊ နည်းပညာအားဖြင့်လည်းကောင်း စိမ့်ဝင်ထိုးနှက်လွှမ်းမိုးနိုင်ရန် ကြိုးပမ်းကြသည်။ နိုင်ငံ၏အားနည်းချက်ကိုအသုံးချ၍ ပြည်သူများ အသိတရားတွင် မှားယွင်းသောအယူအဆများ စွဲကပ်လာအောင် အမျိုးသားသစ္စာဖောက်များနှင့်ပူးပေါင်းကာ ဆောင်ရွက်ကြသည်။ စည်းလုံးညီညွတ်မှုပြိုကွဲအောင် အချိန်များစွာယူကာ မြှုပ်နှံလုပ်ကိုင်ကြသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်၍ နည်းပညာကိုအသုံးချပြီး လွှမ်းမိုးခြယ်လှယ်နိုင်ရန် ကြိုးပမ်းနေကြသည်။ ပြည်သူအများအသုံးပြုသည့် Social Media များကိုအသုံးချ၍ အယူအဆလွဲမှားအောင်၊ စိတ်ဝမ်းကွဲပြားမှုများဖြစ်လာအောင် ဖန်တီးကြသည်။ Main Stream Media များကိုအသုံးချ၍ ပြည်သူနှင့်ပြည်သူ၊ ပြည်သူနှင့် တပ်မတော်၊ တပ်မတော်နှင့် တပ်မတော်သားများအပေါ် အထင်အမြင်လွဲမှားအောင် သတင်းမှားများ၊ ပုံကြီးချဲ့သတင်းထုတ်လွှင့်ပေးပြီး ပြည်သူများ စိတ်ဝမ်းကွဲပြားလာအောင်၊ နိုင်ငံတကာပုံရိပ်တွင် ကျဆင်းလာအောင် လုပ်ကြံဖန်တီးကြသည်။ ယင်းသို့ သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူများ စိုးရိမ်ထိတ်လန့်အောင် ဖန်တီးနေကြသည့် ပြည်တွင်း၊ ပြည်ပအဖျက်အန္တရာယ်များကို နိုင်ငံသားအားလုံးက ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ကြကာ သတိပြုဖို့လိုအပ်ပေသည်။

ယင်းသို့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမျက်နှာစာများပေါ်တွင် စိမ့်ဝင်ထိုးဖောက်ပြီး နှောင့်ယှက်ဖျက်ဆီးနေမှုများကို ဝိုင်းဝန်းဆင်ခြင် တားဆီးကာကွယ်ကြခြင်းသည် မိမိတို့၏ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်သည်။ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ခြင်းလည်းမည်ပေသည်။ ယနေ့ကာလသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ယင်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး ပြည်သူများလိုလားသည့် ဆန္ဒများကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်၏လုပ်ငန်းစဉ်များကို နှောင့်ယှက်ဖျက်ဆီးနေမှုများသည် နိုင်ငံတော်ကို ပျက်စီးအောင်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေခြင်းဖြစ်သည်။ နိုင်ငံတော်ကို ထိပါးလာမည့် အန္တရာယ်အမျိုးမျိုးတို့ကို တပ်မတော်က တွန်းလှန်ကာကွယ်တားဆီးတိုက်ဖျက်နေသလို တိုင်းရင်းသားပြည်သူအပေါင်းတို့ကလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။
၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး“ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။
၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။
၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## အသိပေး နှိုးဆော်ချက်

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နိုင်ငံတကာနှစ်သစ်ကူး ကာလတွင်ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် နေပြည်တော်ကောင်စီမှ သတိပေးနှိုးဆော်ချက်များနှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗျောက်အိုး၊မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ကောင်စီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၉၀၀ | ၃၅၇ | ၃,၁၂၆,၃၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၄၄၃ | ၁,၄၆၁,၈၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂၆ | ၂၀၀,၂၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၅ | ၂၈၅,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၅၆ | ၁၄၅,၆၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၀ | ၂၇,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၄၀၂ | ၁,၉၇၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၃၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၃၇.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၂.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၈၃၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၆.၇၃ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၇၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၇.၄ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၅.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၂.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၆.၇၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုအား ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ်ဖိအားပေးယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ၁၅ မိနစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက အဖွင့်ဂိုးရရှိခဲ့ပြီး ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၁၉ မိနစ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်း ၄၅ မိနစ်ပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ယင်းနောက် နှစ်ဖက်အပြန်အလှန် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဒုတိယပိုင်း ပွဲကစားချိန်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သုံးဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

စာမျက်နှာ ၄ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ အကောင်းဆုံး အားကစားသမားဆုရရှိသည့် အားကစားသမားတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် အကောင်းဆုံး အားကစားသမားဆုရရှိသည့် အားကစားသမားတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် အကောင်းဆုံး အားကစားသမားဆုရရှိသည့် အားကစားသမားတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။




☆ စာမျက်နှာ ၃ မှ

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး အားကစားသမားဆုရရှိခဲ့ကြသည့် အားကစားသမားများကို ကောင်စီဝင်များဖြစ်ကြသည့် ဦးမောင်းဟာ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးခင်မောင်ဆွေနှင့် မန်းငြိမ်းမောင်တို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် အသင်းလိုက်စတုတ္ထဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းက လည်းကောင်း၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

**တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘောလုံးအားကစားသမားကောင်း များစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၁၆ ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဖလားဆုကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး ပထမဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



## သတင်းကြေညာချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-6 ဧရိယာတွင် Pyitharyar Integrated Project အရ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများအား SS BARAKUDA ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinateများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၄ မိနစ် ၃၆.၅၉ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၂ မိနစ် ၀၀.၉၉ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် ၅၄.၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ် ၂၀.၂၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၂ မိနစ် ၃၃.၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၂၂.၂၃ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၁၁.၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၁ မိနစ် ၂၂.၇၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၅၀.၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၃ မိနစ် ၁၂.၁၀ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၈ မိနစ် ၃၈.၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၆.၅၉ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၀၃.၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၁ မိနစ် ၄၇.၆၃ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၁ မိနစ် ၄၉.၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၁ မိနစ် ၀၃.၈၇ စက္ကန့် တို့အတွင်းတွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-6 ဧရိယာတွင် Pyitharyar Integrated Project အရ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများအား SS BARAKUDA ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၃၇ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့
စည်သူဘွဲ့

၁။ ဦးလှမောင် နိုင်ငံတော်ကောင်စီဝင်

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr. Deng Xijun တို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

သတင်းစဉ်





## ဒေးဒရဲ၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

ဒေးဒရဲ ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေးဒရဲမြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ စိန္တာမုနိအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းအား ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဘုန်းလွင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါလမ်းအား တိုင်းဒေသကြီးရန်ပုံငွေနှင့် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၁၅ ဒသမ ၅၉ သန်းဖြင့် အလျား ၆၇၈ ပေ၊ အကျယ် ၁၀ ပေ၊ ထု ခြောက်လက်မဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့သည် လေးအိမ်ကုန်းကျေးရွာအုပ်စုရှိ တောင်သူဦးသန်းမြင့်စိုး၏ လယ် ၅၅ ဧကတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးလျက်ရှိသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး နည်းပညာပေးဟောပြောပွဲနှင့် မြေဩဇာကြဲပက်ပွဲအခမ်းအနားသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

၂၀၇

## တောင်ကုတ်တက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

တောင်ကုတ် ဒီဇင်ဘာ ၃၀

၂၀၂၂- ၂၀၂၃ ပညာသင်နှစ် တောင်ကုတ်တက္ကသိုလ်၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် တက္ကသိုလ်၏ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ တောင်ကုတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းလွင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စီမံအရာရှိများနှင့် ပထမနှစ် မောင်မယ်သစ်လွင် ၁၁၁၈ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က တက္ကသိုလ်နှင့်ပတ်သက်သော သိသင့်သိထိုက်သည်များ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် စည်းကမ်း၊ စနစ်၊ စိတ်ဓာတ်၊ စေတနာနှင့် စံပြဖြစ်အောင် ကြိုးစားကြစေလိုကြောင်း မှာကြားပြီး ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာချိုချိုလွင်က သင်တန်းရေးရာနှင့်ပတ်သက်သည်များကို ပြောကြားသည်။

ဝိဇ္ဇာဘာသာရပ်များနှင့် ပတ်သက်သော သိကောင်းစရာများကို ပထဝီဝင် ပါမောက္ခ/ဌာနမှူး ဒေါက်တာစန်းစန်းခိုင်က လည်းကောင်း၊ သိပ္ပံဘာသာရပ်နှင့် ပတ်သက်သော သိကောင်းစရာများကို သတ္တဗေဒ ပါမောက္ခ/ဌာနမှူး ဒေါက်တာအိခိုင်ဝင်းက လည်းကောင်း၊ စာကြည့်တိုက်နှင့်ပတ်သက်သော သိကောင်းစရာများကို လက်ထောက်စာကြည့်တိုက်မှူး ဒေါ်ဝင်းဝင်းရွှေက လည်းကောင်း ပြောကြားကြသည်။ နိုင်ငံတော်အဆင့် အဆိုပြိုင်ပွဲ၊ ပြည်နယ်အဆင့် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲနှင့် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းလွင်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာအောင်တို့က ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များ ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်



**"တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်က လူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရား တစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။"**

[ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်]



မြန်မာ့ရိုးရာရှင်ပြုအလှူပွဲ
ဓာတ်ပုံ - သန်းနိုင်ဦး(ဖဲ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်






**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာတို့၏ ရိုးရာအမွေအနှစ် ကိုယ်ခံပညာ တစ်ရပ်ဖြစ်သည့် မြန်မာ့သိုင်း အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့သိုင်းပညာရပ်များ နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိစေရေးတို့ကို ရည်ရွယ်၍ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးဦးမျိုးလှိုင်က သိုင်းပညာရပ်သည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် တစ်ခုဖြစ်သောကြောင့် ပျောက်ပျက်မသွားစေရေး၊ အခြားနိုင်ငံများ၏ ပညာရပ်များ ရောနှောမသွားစေရေး အတွက် ပညာရှင်အချင်းချင်း စည်းလုံးညီညွတ်စွာ ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် ခေတ်နှင့်အညီ ပြန့်ပွားတိုးတက်ရေးကို နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့သိုင်းပညာသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးပါသည့်အပြင် မြန်မာ့ရိုးရာ အမွေအနှစ် ကိုယ်ခံပညာရပ်တစ်ရပ် အနေဖြင့်လည်း အလေးအနက်ထား ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသော မြန်မာ့သိုင်းပညာရှင်များနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က လူငယ်လူရွယ်တိုင်း မြန်မာ့ရိုးရာသိုင်းပညာကို စိတ်ပါဝင်စား လေ့ကျင့်ကစားလာကြစေရန်အတွက် စည်းရုံးဆောင်ရွက်ပြီး လက်ဆင့်ကမ်း လေ့ကျင့်သင်ကြားပေးရန် မှာကြားလိုကြောင်း။

ပြိုင်ပွဲတွင် တာဝန်ယူဆောင်ရွက်မည့် ဒိုင်လူကြီးများအနေဖြင့် ဘက်လိုက်မှုကင်းရှင်းပြီး တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့်လည်း မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် အသင်းအောင်နိုင်ရေးအတွက် မိမိတို့၏ အားကစားစွမ်းရည်များကို ဖော်ထုတ်ပြသ၍ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အနိုင်မခံ အရှုံးမပေးဘဲ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး ရိုးရာအမွေအနှစ်ကို ဆက်ခံထိန်းသိမ်းနိုင်သော နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် မြန်မာ့သိုင်း အားကစား သမားကောင်းများ၊ သိုင်းပညာရှင်များ ဖြစ်လာအောင် ကြိုးစား သွားကြစေလိုကြောင်း ပြောကြားကာ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက နိုင်ငံတော်သီချင်းသီဆိုပြီး အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ရွတ်ဆိုကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ မြန်မာ့သိုင်းပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်း ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးနဲမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ



**မိုးနဲ ဒီဇင်ဘာ ၂၀**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လွိုင်မြေရပ်ကွက် အုဋ္ဌဖိုကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကွန်ကရစ်လမ်းမုခ်ဦးနေရာ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် ကွန်ကရစ်လမ်းသစ်မုခ်ဦးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်နှင့်မြို့မိမြို့ဖ ဦးစိုင်းလှအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး မြို့မိမြို့ဖ ဦးစိုင်းလှအေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ ၊ လူမှုရေးအသင်းအဖွဲ့များ ၊ မိုးနဲမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့များ တက်ရောက်ခဲ့ကြပြီး ကွန်ကရစ်လမ်း အရှည်ပေ ၄၆၀ ၊ အနံ ၁၂ ပေနှင့် ၃ ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ငွေကျပ်သိန်း ၁၀၀ ကျော်ဖြင့် ရပ်ကွက်နေပြည်သူများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ပြည်တွင်းအထည်ရက်လုပ်သည့် လုပ်ငန်းရှင်များအတွက် လိုအပ်သော ချည်မျှင်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်တွင်းအထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်း၌ ရက်လုပ်သော အဝတ်အထည်များ အရည်အသွေးတိုးတက်စေရန်၊ အထည်အလိပ်လုပ်ငန်းများအတွက် လိုအပ်သော ချည်မျှင်များ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်တို့အတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)သို့ သွားရောက်၍ အဆင့်မြင့်ချည်မျှင်များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့် တာဝန်ရှိသူတို့မှ အဆင့်မြင့်ချည်မျှင်များ ထုတ်လုပ်နိုင်ရေးအတွက် စက်စွည်းများ ပြုပြင်ဆောင်ရွက်မှု၊ လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းဆောင်ရွက်ခဲ့မှု၊ အဆင့်မြင့်ချည်မျှင်များ ထုတ်လုပ်နိုင်ရေးအတွက် ဝါကုန်ကြမ်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်လျက်ရှိ၍ ပြည်တွင်းအထည်ရက်လုပ်သည့် လုပ်ငန်းရှင်များအတွက် လိုအပ်သော ချည်မျှင်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ကုန်ကြမ်းကောင်းမှ ကုန်ချောကောင်းမည်ဆိုသည့်အတိုင်း ကုန်ကြမ်းဝါများကို သတ်မှတ်အရည်အသွေးများအတိုင်း ပြည့်မီစေရေး စိစစ်ရွေးချယ်ဝယ်ယူရန်၊ စက်ပစ္စည်းများကိုလည်း ကောင်းမွန်အောင်ပြုပြင်ထားရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်းကို ကြိုတင်ဖြည့်ဆည်းထားရန်၊ အဆင့်မြင့်ချည်မျှင်များ ထုတ်လုပ်ရာတွင် သတ်မှတ်ထားသည့်ချည်မျှင်၏ ခိုင်အား၊ ချည်လုံး ညီညာမှုရှိစေရေးအတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်၌ အရည်အသွေးစစ်ဆေးရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရန်၊ အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ထားနိုင်ရေး စီမံဆောင်ရွက်ရန်၊ ထုတ်လုပ်မှုစီမံချက်များ ရေးဆွဲဆောင်ရွက်ရန်နှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်မည့် စီမံချက်များကိုလည်း ကြိုတင်ရေးဆွဲဆောင်ရွက်ထားရန်မှာကြားသည်။



ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ချီတက်ဂုဏ်ပြုမည့် စက်မှုဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြအဖွဲ့ကို တွေ့ဆုံ၍ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသည် ကြုံတောင့်ကြုံခဲ အခမ်းအနားဖြစ်၍ ပါဝင်ခွင့်ရရှိသည့်အတွက် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ အခမ်းအနားတွင် ညီညာစွာဖြင့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အမှားအယွင်းမရှိအောင် ကြိုးစားဆောင်ရွက်၍ စက်မှုဝန်ကြီးဌာန၏ ဂုဏ်ကို မြှင့်တင်ကြရန် မှာကြားပြီး (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ချီတက်ဂုဏ်ပြုမည့် ဝန်ထမ်းများကို ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် (၉)၏ သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်စစ်ရေးပြကွင်း(၁)၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) အဖွဲ့ဝင် သူရဦးဘိုနီ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်သင်ကြားရေး/ စီမံဌာနများမှ ပါမောက္ခ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီအား သင်တန်းဆင်းတပ်ခွဲက အလေးပြုခြင်းတို့ကို ဆောင်ရွက်ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကာ အောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းသည် နိုင်ငံ့ဝန်ထမ်းအမှုထမ်းများနှင့် ပြင်ပလူငယ်ဘွဲ့ရများကို ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်သည့် သင်တန်းဖြစ်ပြီး ပင်ကိုစွမ်းရည်ရှိပြီးသူများကို ပိုမိုထက်မြက်၍ မှန်ကန်သော ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် သင်ကြားလေ့ကျင့်ပေးသည့် သင်တန်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အနာဂတ်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်မြင့်မားသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန် နိုင်ငံတော်က အလေးထား မျှော်မှန်းဖွင့်လှစ်ပေးသည့် သင်တန်းလည်း ဖြစ်ပါကြောင်း။

လုပ်ငန်းခွင်တွင်လည်း ခေတ်ပြောင်း၊ စနစ်ပြောင်း၊ အသွင်ကူးပြောင်းနေချိန်တွင် မှန်ကန်သည့် အတွေးအခေါ်နှင့် လုပ်ငန်းတာဝန်များကို အစဉ်ပြောင်းလဲတိုးတက်နေသော ခေတ်မီနည်းပညာများကို တတ်ကျွမ်းအောင် အစဉ်ကြိုးပမ်းပြီး ဆန်းသစ်တီထွင်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် (၉)သို့ သင်တန်းသား ၃၆ ဦး၊ သင်တန်းသူ ၁၈၆ ဦး စုစုပေါင်း ၂၂၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Naypyitaw State Academy ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

Naypyitaw State Academy ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူများက Naypyitaw State Academy သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ဖွင့်လှစ်ပြီး ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က သင်တန်းရေးရာ သိသင့်သိထိုက်သည်များ၊ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားမှူးက ပါမောက္ခ/တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ သင်တန်း/စီမံမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အဆို၊ အက၊ အလှများဖြင့် ဖျော်ဖြေကြပြီးအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အဆိုပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမများ၊ သင်တန်း/ စီမံမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇) စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၃၀

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇) စာအုပ် မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**ရေးဆွဲခဲ့ခြင်းဖြစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အပံ့ပြုနိုင်ရန်အတွက် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများနှင့် လုပ်ငန်းများကို အရည်အသွေးရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)ကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပြုနိုင်ရန် ဤမဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)ပါ ဦးစားပေးလုပ်ငန်းများ၊ စီမံကိန်းနှင့်လုပ်ငန်းများကို ကဏ္ဍအလိုက် ဦးစီးဌာနများအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ပိုမိုကောင်းမွန်သော ပေါင်းစပ်ညှိနှိုင်းခြင်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)၏ အနှစ်ချုပ်ကို ရှင်းလင်းတင်ပြခြင်းနှင့် ခင်းကျင်းပြသထားသော ပိုစတာများနှင့် Light Box တို့ကို တက်ရောက်လာသူများက ကြည့်ရှုဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စွမ်းအင်ဝန်ကြီးဌာန နှစ်သစ်ကူးမိတ်ဆုံစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်သစ်ကူးမိတ်ဆုံစားပွဲနှင့် ကံစမ်းမဲအစီအစဉ်များကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် (၄၄) တွင်ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး တက်ရောက်၍ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကားပြောကြားရာ စွမ်းအင်ဝန်ကြီးဌာနဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ကြသဖြင့် ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ လာမည့် ၂၀၂၃ ခုနှစ်တွင် စိတ်သစ်လူသစ်ဖြင့် တိုင်းပြည်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်သည့် ဝန်ထမ်းများဖြစ်ကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နှစ်တစ်နှစ်ပိုင်ဆိုင်ကြစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

**အတူတကွသုံးဆောင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်းအတူတကွသုံးဆောင်သည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားပြီး ကံစမ်းမဲများနှိုက်၍ နှစ်သစ်ကူး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးဝင်းဖေ ဘားလားတူးမြောင်းတံတား၊ ဘားလားချောင်းတံတားဟောင်း တံတားနှင့် ဖက်လက်တံတားတည်ဆောက်ရေးစီမံကိန်းနှင့် ကွမ်းခြံကုန်းမြို့ရှောင်လမ်းဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံ - ကျုံကဒွန်း - ဒေါ်ညိမ်း- အမာလမ်းပေါ်ရှိ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅) မှ တည်ဆောက်နေသည့် ဘားလားတူးမြောင်းတံတား၊ ဘားလားချောင်းတံတားဟောင်း တံတားနှင့် ဖက်လက်တံတား တည်ဆောက်ရေး စီမံကိန်းနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနိုင်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းမြင့်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သတ်မှတ်ဘဏ္ဍာနှစ် အလိုက်လျာထားလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရာတွင် ဆောင်ရွက်ပြီးလုပ်ငန်း၊ ဆောင်ရွက်ဆဲလုပ်ငန်းနှင့် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများအလိုက် စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုရန်၊ သတ်မှတ် ဒီဇိုင်းပုံစံအတိုင်း ဆောင်ရွက်ရန်နှင့် စံချိန်စံညွှန်းပြည့်မီရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့ရှောင်လမ်း ( 0 Km မှ 4.02 Km အတွင်း) ၂၄ ပေအကျယ် ကွန်ကရစ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။ ကွမ်းခြံကုန်းမြို့ရှောင်လမ်းကို ၂၀၁၉ ခုနှစ်မှ စတင်ဖောက်လုပ်၍ ၂၀၂၃ ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်သည်။ ကွမ်းခြံကုန်းမြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထုတ်ကုန်များကို သီလဝါဆိပ်ကမ်းမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်မည်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ သွင်းကုန်များကိုလည်း ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များအနှံ့ လွယ်ကူစွာဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သနပ်ပင်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

သနပ်ပင် ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘူတာပိုင်းရပ်ကွက် မြရတနာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သူရက မြရတနာလမ်း ကွန်ကရစ်လမ်းသစ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ မြရတနာလမ်း ကွန်ကရစ်လမ်းသစ်သည် အရှည်ပေ ၁၂၈၀၊ အကျယ် ၁၂ ပေ၊ ဒု ရှစ်လက်မဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ၆၇ ဒသမ ၄ သန်း လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **လှမိုး(ပြန်/ဆက်)**



# နှစ်သစ်ကိုကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ (New Year Countdown Music Show) များကို MRTV ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိစေရန်အတွက် နိုင်ငံတကာ နှစ်သစ်ကိုကြိုဆိုသည့် ဂီတဖျော်ဖြေပွဲ (New Year Countdown Music Show)များကို ဒီဇင်ဘာ ၃၁ ရက်နေ့ညတွင် နေပြည်တော် ရေပန်းဥယျာဉ်၌ လည်းကောင်း၊ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ လည်းကောင်း၊ မန္တလေးမြို့ မန္တလာသီရိအားကစား ကွင်း၌လည်းကောင်း ကျင်းပကြမည်ဖြစ်သည်။

အဆိုပါ ဖျော်ဖြေပွဲတွင် နိုင်ငံကျော်အဆိုတော် များ ပါဝင်တင်ဆက်ခြင်း၊ နှစ်သစ်ကူးချိန်ဖြစ်သည့် ည ၁၂ နာရီတွင် နှစ်သစ်ကူးပြောင်းရန်အချိန် ရေတွက် ကြေညာ၍ Countdown ပြုလုပ်ခြင်း၊ မီးရှူးမီးပန်း များ ပစ်ဖောက်သည့်ပုံရိပ်များအား LED ဖြင့် အစားထိုး ဖွင့်လှစ်ပြသခြင်းတို့အပြင် Night Market ဈေးဆိုင် ခန်းများ ဖွင့်လှစ်ရောင်းချခြင်းဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်သည်။

ထိုကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်၌ ကျင်းပမည့် နှစ်သစ်ကိုကြိုဆိုသည့် ပျော်ပွဲရွှင်ပွဲ အစီအစဉ်တွင် Unplugged တီးဝိုင်းများဖြင့် နိုင်ငံကျော် အဆိုတော်များဖြစ်သည့် မြန်မာပြည်သိန်းတန်၊ D ဖြိုး၊ ဂျေမိုင်းမိုင်တို့၏ ဖျော်ဖြေမှုများကို MRTV ၏ Farmer's Channel တွင်လည်းကောင်း၊ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပမည့် ပျော်ပွဲရွှင်ပွဲအစီအစဉ်တွင် GREAT NINE MUSIC BAND ၏ တီးခတ်မှုနှင့် အတူ နိုင်ငံကျော်အဆိုတော်များဖြစ်သည့် အကယ်ဒမီ များရှင် ရန်အောင်၊ အကယ်ဒမီများရှင် ရဲအောင်၊ အကယ်ဒမီများရှင် မေသန်းနု၊ စတီရီယိုတေးသံရှင် ဂျက်မြသောင်း၊ ပြည်မိုး၊ စိန်လင်း၊ ရုပ်ရှင်သရုပ်ဆောင် ဘုန်းလျှံ၊ လှမျိုးသဥ္စာနွယ်၊ ပွင့်နဒီမောင်၊ သဥ္စာမြင့်မိုရ်၊ စိုးသီဟ၊ ရုပ်ရှင်သရုပ်ဆောင်/တေးသံရှင် ဝေလျှံ၊ ဂျင်နီ၊ ဆူဇီ၊ တူယှဉ်နွဲ့ပျော်ဂီတပွဲတော်မှ စိုးထက် အောင်၊ ထွန်းပပအောင်၊ ပူတူးနှင့် ပြုံးအသချော၊ ယွန်းသီရိကျော်၊ မျိုးဆက်သစ်တေးသံရှင်များစွာ ပါဝင်တင်ဆက်သွားမည့် ဖျော်ဖြေမှုများကို MRTV ၏ Sports Channel တွင်လည်းကောင်း၊ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ နိုင်ငံကျော်အဆိုတော် များ ပါဝင်တင်ဆက်မည့် ဖျော်ဖြေတင်ဆက်မှုများကို MRTV ၏ Parliament Channel တွင်လည်းကောင်း ဖျော်ဖြေပွဲ စတင်ချိန် ညနေ ၆ နာရီမှ အစီအစဉ်ပြီးစီး သည်အထိ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ် ကြောင်း၊ MRTV HD Channel တွင် ည ၈ နာရီ သတင်းများအပြီးမှစတင်၍ အစီအစဉ်ပြီးစီးချိန်အထိ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ကျင်းပ သည့် ဂီတဖျော်ဖြေပွဲ Live Show အစီအစဉ်များကို ပေါင်းစပ်၍ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်






## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အလွတ်တန်းဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရမည်းသင်း ဒီဇင်ဘာ ၃၀

ရမည်းသင်းမြို့နယ် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ် ရေးနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်းဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရမည်းသင်းမြို့ မီးရထားကွင်းအတွင်း ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိမ်း၊ အားကစားမှူး ဒေါ်မျိုးမျိုးထွေး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ/မြို့ဖများ၊ မြို့နယ်/ကျေးရွာများမှ ဘော်လီဘောအသင်း ၂၂ သင်း၊ မြို့နယ်/ကျေးရွာမှ အုပ်ချုပ်ရေးမှူးများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားဖွင့်လှစ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ အဖွင့်ပွဲစဉ် အဖြစ် မြို့မရပ်ကွက်အသင်းနှင့် ကတင်ကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

၁၄၄

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါက်ခေါင်းမြို့ အောင်ရတနာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

ပေါက်ခေါင်း ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်း မြို့တွင် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) ရပ်ကွက် အောင်ရတနာကွန်ကရစ် လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။



လမ်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးမင်းမင်း တက်ရောက် အဖွင့် အမှာစကားပြောကြားပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ နှင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန် ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ခရိုင် စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးမင်းမင်း နှင့်အဖွဲ့က ကွန်ကရစ်လမ်းသစ် အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြု ရန်ပုံငွေကျပ် ၆၅ ဒသမ ၆၄၅ သန်းဖြင့် A.M Angel Moon ကုမ္ပဏီက တာဝန်ယူဆောင်ရွက် ခဲ့ခြင်းဖြစ်ပြီး အရှည်ပေ ၁၃၂၀၊ အကျယ် ၁၂ ပေ၊ ဒု ရှစ်လက်မ ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မင်္ဂလာ တောင်ညွန့်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောင်ဆန်းအားကစား ပြိုင်ကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။ အဆိုပါပြိုင်ပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ရပ်ကွက်အလိုက် ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)





## ရေတာရှည်မြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရေတာရှည် ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်း ဖွင့်ပွဲကို မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၂၃၁ ဦးအား အဖွဲ့ လေးဖွဲ့ခွဲ၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် အ.ထ.က (ရေတာရှည်) ရှိ အောင်ဆန်းခန်းမ တို့တွင် ဒီဇင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချခဲ့ပြီး သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအတွင်းရှိ အိမ်ထောင်စုတစ်ခုချင်းစီ အား မှန်ကန်သောစာရင်းရရှိရေး မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်း များအား ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

■

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုလွတ်လပ်ရေး အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်

ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

(ယမန်နေ့မှအဆက်)

### အခြေအနေ (၃)

လွတ်လပ်ခြင်းသဘောမှန်၊ အဓိပ္ပာယ်မှန်ကို မသိသောသူသည် တစ်မျိုးတစ်မည် နားလည်နေလေသည်။ လွတ်လပ်ခြင်းရအောင် စည်းမဲ့ကမ်းမဲ့ လုပ်ရသည်၊ သို့မဟုတ် စည်းမဲ့ကမ်းမဲ့ပြုလုပ်နိုင်ခြင်းသည် လွတ်လပ်ခြင်းဖြစ်သည်ဟူ၍ နားလည်နေလေသည်။ သို့အတွက် လွတ်လပ်ရေး ရရှိသောအခါ စည်းမဲ့ကမ်းမဲ့ပြုလုပ်နိုင်တော့ပြီဟု ထင်မှတ်နေသည့်အတိုင်း စည်းမဲ့ကမ်းမဲ့ ဆက်လက်ပြုလုပ်နေကြခြင်းဖြစ်သည်။

လွတ်လပ်ရေး၏သဘောကို မှန်ကန်စွာသိရှိ၍ ထိုသဘောအတိုင်း ပေါင်းသင်းဆက်ဆံနေထိုင်ခြင်းကို မပြုသမျှကာလပတ်လုံး၊ အခြေအနေသည် တိုးတက်လိမ့်မည်မဟုတ်။ အများသောလူထုသည် ထင်ရာလုပ်နိုင်ခြင်းကို လွတ်လပ်ခြင်းဟူ၍ ထင်မှားနေသမျှကာလပတ်လုံး မည်သူမျှလွတ်လပ်ခြင်း မရှိဘဲ လွတ်လပ်ခြင်း၏အရသာကို ခံစားကြရမည် မဟုတ်ပေ။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသည် ဂျီနီဗာလက်နက်ဖျက်သိမ်းရေးညီလာခံ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၆၂ ခုနှစ်ကပင် ပါဝင်ခဲ့ပြီး ယင်းညီလာခံ၏ နှစ်စဉ်ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပုံမှန်တက်ရောက်ခဲ့သည်။

### အခြေအနေ (၄)

လွတ်လပ်ရေးရပြီး ၁၀ နှစ်သို့ ရောက်သော် ဖဆပလအဖွဲ့၏ တတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ စည်းဝေးပွဲတွင် သဘောကွဲလွဲမှုပို၍ ထင်ရှားခဲ့သည်။ "နုတင် သန့်ရှင်းဖဆပလ၊ ဆွေငြိမ်းတည်မြဲဖဆပလ" အုပ်စုနှစ်ခုသည် အစိုးရအဖွဲ့ကို ကြိုးကိုင်နိုင်ရန် နှစ်ဖက်စလုံးကြိုးစားခဲ့သည့် ပုံရိပ်ရှိခဲ့သည်။ ဖဆပလ အုပ်စုနှစ်စုကွဲသွားခြင်းသည် ပြည်သူလူထုအတွင်း စိတ်ဝမ်းကွဲမှု သက်ရောက်ခဲ့ရာ နိုင်ငံအတွက် ဒဏ်ရာကျန်ခဲ့သည်။


ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်

"နိုင်ငံရေးပါတီများအနေဖြင့် အများနှင့်ဆိုင်သော အကောင်းဆုံးစံများကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားသင့်ကြသည်။ အမျိုးသားကောင်းစားရေးအတွက် ပြင်းပြသောစိတ်ဖြင့် ဆောင်ရွက်လျှင် နှစ်အနည်းငယ်အတွင်း အောင်မြင်နိုင်ကြောင်း ဂျပန်က လက်တွေ့ပြခဲ့ပြီ၊ အမျိုးသားစည်းလုံးညီညွတ်မှုကို အိပ်မက်မဖြစ်ပါစေနှင့်" ဆိုတဲ့အကြောင်း ဂန္ထလောကမဂ္ဂဇင်းဆောင်းပါး ဦးသန့်ရဲ့ထောက်ပြချက်ကို "မောင်ရွှေခေတ်ရေး ဦးသန့်၏အတွေ့အကြုံများ" စာအုပ်တွင် ဖတ်ရှုရပါသည်။

ဖဆပလခေတ်တွင် နိုင်ငံရေးတည်ငြိမ်မှုကင်းမဲ့ခဲ့ရသည်။ ဖဆပလအဖွဲ့သည် စိတ်ဝမ်းကွဲ၊ သွေးကွဲ တစ်တပ်တစ်ဗိုလ် ဖြစ်သွားခဲ့သည်။ တိုးတက်မှုလမ်းကြောင်းမှ ချော်ခဲ့ရသည်။ ဝန်ကြီးချုပ်ဦးနုက မိမိရာထူးမှ နုတ်ထွက်၍ ဗိုလ်ချုပ်ကြီးနေဝင်းအား အုပ်ချုပ်ရေးအာဏာလွှဲအပ်ကြောင်း ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကြေညာလေသည်။

ထို့နောက် အိမ်စောင့်အစိုးရအဖွဲ့ကို ဂုဏ်သိက္ခာရှိသည့် ပုဂ္ဂိုလ်ကြီး (၁၄) ဦးဖြင့်ဖွဲ့ကာ လုပ်ငန်းစဉ်လေးရပ် ချမှတ်ဆောင်ရွက်ခဲ့သည်တို့မှာ မျက်မှောက်ကာလဖြစ်စဉ်နှင့် တူပေသည်။ ထူးခြားသည်မှာ စိန်ရတုကာလသို့ ချဉ်းနင်းရောက်သည့်နှစ်ဝယ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုကို တွေ့မြင်ရသည်။ ပြည်တွင်း၊ ပြည်ပပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးလျက်ရှိသည်ကိုတွေ့ရသည်။

### အခြေအနေ (၅)

လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ တိုးပွားမှု၊ ကျဆင်းမှုတို့သည်လည်း ထိုလူ့အဖွဲ့အစည်း၊ ထိုတိုင်းပြည်၏ ဉာဏ်၊ ဝီရိယနှင့် စည်းလုံးညီညွတ်မှုပေါ်တွင် ပဓာနအားဖြင့် တည်နေပုံကို လယ်တီဆရာတော်က -

"…. တစ်ယောက်၏ ဉာဏ်၊ ဝီရိယသည် အားရှိသလောက် အကျိုးကိုဖြစ်ထွန်းစေနိုင်သည်။ ထို့ထက် နှစ်ယောက်ညီလာသော ဉာဏ်ဝီရိယသည် အားများစွာပါနေသည်။ ထိုထက် သုံးယောက်ညီလာသော ဉာဏ်ဝီရိယ၊ ထိုထက်လေးယောက်၊ ထိုထက် ငါးယောက်၊ တစ်ကျိပ်၊ တစ်ရာ၊ တစ်ထောင်စသည်ဖြင့် အများညီညွတ်သော ဉာဏ်ဝီရိယသည် တိုင်းကိုကြံနိုင်သည်။ ပြည်ကိုကြံနိုင်သည်။ ဤကဲ့သို့သောအရာများမှာ ကံသည် ပဓာနမဟုတ်၊ အများညီညွတ်သော ဉာဏ်၊ ဝီရိယသည်သာ ပဓာနပေတည်း…" ဟု တွေးမြင်တင်ပြခဲ့သည်။

လွတ်လပ်ရေးမရမီကာလမှာ ဗြိတိသျှ၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့တွင် ဆိုရှယ်လစ်စနစ် ကျင့်သုံးသည့်ကိစ္စက ရေပန်းစားနေရာ မြန်မာတွင်လည်း ပြောဖွယ်ရာမရှိပြီ။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီပေါ်ပေါက်လာပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖွဲ့စည်း၍ ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။ ၁၉၆၂ မှ ၁၉၈၈ ကာလသည် လူနှင့်ပတ်ဝန်းကျင်တို့ အပြန်အလှန်အကြောင်းအကျိုးပြုနေသည်ဟု ခံယူထားသည့် သဘောတရားများ ပေါ်ပေါက်လာသော ကာလဖြစ်သည်။ လူ့ဘဝနှင့် လူ့သမိုင်း၏ ကံကြမ္မာဖန်တီးရေးတွင် ပတ်ဝန်းကျင်က အခြေအနေပေး၍ လူက အဆုံးအဖြတ်ပေးသည်ဟူသော လူသာပဓာနအမြင် ပေါ်ပေါက်ခဲ့သည်။ လူသာပဓာနဆိုရာ၌ လုပ်သားပြည်သူအများကို ရည်ညွှန်းသောအတွေးအခေါ်ဖြစ်သည်။ ရုပ်သာအဓိက၊ စိတ်သာအဓိကဟု အငြင်းပွားမှုပြဿနာများမရှိသော အတွေးအခေါ်ဖြစ်သည်။ လူနှင့် ပတ်ဝန်းကျင်တို့၏ အညမညသဘောတရားသည် သမိုင်းကြောင်းကို အစဉ်တိုးတက်နေသည်ဟု မခံယူပေ၊ လူတို့အပေါ် မူတည်၍သာ တိုးတက်နိုင်သည်ဟု ခံယူသည်။

ဆိုရှယ်လစ်သမ္မတလူ့ဘောင် တည်ဆောက်ရာတွင် တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစားများသည် အခြေခံလူတန်းစားတစ်ရပ်ဖြစ်ရာ ထိုလူတန်းစားတို့ စည်းလုံးညီညွတ်မှုရရှိရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အုန်းတော၊ ၁၉၆၃ ခုနှစ်တွင် ဒူးယား၊ ၁၉၆၃ခုနှစ် ဒီဇင်ဘာလတွင် ပုပ္ပား၊ ၁၉၆၄ ခုနှစ်တွင် ခပေါင်း၊ ၁၉၆၅ ခုနှစ်နှင့် ၁၉၆၈ ခုနှစ်တွင် ရန်ကုန်တို့တွင် တောင်သူလယ်သမား နီးနှောဖလှယ်ပွဲကြီးများ ကျင်းပ၍ ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ရန်ကုန်၊ ချောက်တို့တွင် အလုပ်သမားနီးနှောဖလှယ်ပွဲကြီးများကျင်းပသည်။

လူ့ဘောင်သမိုင်း၏ ပြောင်းလဲမှုများကို ပဓာနအားဖြင့် ဆောင်ကြဉ်းသူမှာ အသိဉာဏ်ရှိသော လူသားဖြစ်သည်။ လူ့သမိုင်းတိုးတက်မှုသည် လူ၏ အဆုံးအဖြတ်ပေးနိုင်မှုပေါ်တည်သဖြင့် အလုပ်လုပ်သော လုပ်သားပြည်သူတို့၏ ပဓာနကျသော အခန်းကို အလေးအနက်ထား ဖော်ဆောင်သော အတွေးအခေါ်ဖြစ်သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ခေတ်တွင် အထင်အမြင်များ တိမ်းစောင်း၊ ဘေးပယောဂများပူး၊ စီးပွားရေး ထင်သလောက်မဖွံ့ဖြိုး ခရီးမပေါက်ဖြစ်ခဲ့သည်ဟု ဆိုပါသည်။

> ယနေ့ အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသောကာလဖြစ်သည်။ တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စိန်ရတုလွတ်လပ်ရေးမှသည် အနာဂတ်တိုင် ဒို့တာဝန်အရေးသုံးပါးကို မူဝါဒအဖြစ် တစ်တိုင်းပြည်လုံးက ကျင့်ကြံအားထုတ်နေကြရမည်ဖြစ်

နှစ်ဆယ်ရာစု မြန်မာနိုင်ငံသမိုင်းကို ကြည့်လျှင် ရုံဖန်ရံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးဆီသို့ တွန်းပို့သည့် ခြိမ်းခြောက်မှုများ ကြုံခဲ့ရသည်။ နှစ်ဆယ်ရာစုနှောင်းပိုင်းအထိပါပဲ။ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ မရောက်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ထင်သလောက်ခရီးမပေါက်၊ တိုင်းပြည်သည် အထနှေးနေခဲ့သည်။

### အခြေအနေ (၆)

မြန်မာတို့ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် အေးအတူပူအမျှ နှစ်ပရိစ္ဆေဒနေထိုင်ခဲ့ကြသည့် မြန်မာတို့၏ စိန်ရတုလွတ်လပ်ရေးခရီးနှင့် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ငြိမ်အေးချမ်းသာယာဝပြောနိုင်ဖို့ ကိုယ့်အားကိုယ်ကိုးကြရမည်။

* "လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံ၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည်လည်း ဆယ်စုနှစ်များစွာ ကြာခဲ့ပြီဖြစ်ရာ ထိုသို့ မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှ ရုန်းထွက်ကြရန် အချိန်ကျပြီဖြစ်သည်။ "
* "ယနေ့အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသောကာလဖြစ်သည်။ တိုင်းရင်းသားညီနောင်အားလုံး တန်းတူဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။"
* "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနေပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။"
* "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ ရှိရင်းစွဲ သယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်သဖြင့် နိုင်ငံရေးအရ အားပြိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံအတွက် အကျိုးရှိမည့်စီမံကိန်းများ ဆောင်ရွက်နေမှုကို ကန့်ကွက်နေမှုများအား စဉ်းစားဆောင်ရွက်ကြစေလိုသည်" (နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်)

ယနေ့ အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသောကာလ ဖြစ်သည်။ တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စိန်ရတုလွတ်လပ်ရေးမှသည် အနာဂတ်တိုင် ဒို့တာဝန်အရေးသုံးပါးကို မူဝါဒအဖြစ် တစ်တိုင်းပြည်လုံးက ကျင့်ကြံအားထုတ်နေကြရမည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ☆

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်




နေပြည်တော် ဒီဇင်ဘာ ၃၀

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုနှင့် ပတ်သက်၍ ကန့်ကွက်ရှုတ်ချ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ဒေသခံပြည်သူများစုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အလိုမရှိ၊ ဒို့ပြည်တွင်းရေးစွက်ဖက်မှုများ အလိုမရှိ၊ အချုပ်အခြာအာဏာထိပါးသူ ဒို့ရန်သူ စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းဖွင့်

ဒဂုံဆိပ်ကမ်း ဒီဇင်ဘာ ၃၀

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ်(Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းအား ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ်ခရိုင်မှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက မြေပြင်စာရင်းကွင်းဆင်းကောက်ယူမှုနှင့် ပတ်သက်သည့် အကြောင်းအရာများနှင့် စာရင်းကောက်ယူရာတွင် လိုက်နာရမည့်ကျင့်ဝတ်များကို အသေးစိတ်ရှင်းလင်းပို့ချပေးခဲ့သည်။

သင်တန်းသို့ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ မြို့နယ်(Working Group)အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၅၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အလုံမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဒီဇင်ဘာ ၂၈ ရက်က အလုံမြို့နယ် စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့မှ ကျောင်းသား၊ လူငယ်များ၊ ပြည်သူများ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိပြီး စာဖတ်သည့်အလေ့အထများရရှိစေရန်၊ စာပေမှရရှိသည့်အသိပညာဗဟုသုတများရရှိစေရန် စာဖတ်ဝိုင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ချိုက စာဖတ်ဝိုင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။ ထို့နောက် စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် အလုံမြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ စာရေးဆရာမအေး(ရန်ကုန်တက္ကသိုလ်)က စာရေးဆရာတက္ကသိုလ်နေဝင်းရေးသားသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းစာအုပ်ပါ အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်(မောင်မောင်-လျှပ်စစ်)က ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်မောင်(လျှပ်စစ်)

## ကဝမြို့နယ်၌ လူဦးရေစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်လှစ်

ကဝ ဒီဇင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လူဦးရေစာရင်းမှန်ကန်ရေး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးထွန်းလင်းအောင်က လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ထားမှုကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆန်းက လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်း လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ကဝမြို့နယ်၌ လူဦးရေစာရင်းမှန်ကန်စေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်(Working Group) မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၊ မြို့နယ်ကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်စု စာရင်းကောက်ယူရေး အဖွဲ့များဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့တွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ သင်တန်းသား ၂၉၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်

ကွမ်းခြံကုန်း ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်း ဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကွမ်းခြံကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်(Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် (Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးစီမံချက် သင်တန်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သင်ခန်းစာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်တွင် သင်တန်းသား သင်တန်းသူ ၁၄၁ ဦးနှင့် ဒီဇင်ဘာ ၂၈ ရက်တွင် သင်တန်းသား သင်တန်းသူ ၁၄၁ ဦး စုစုပေါင်း ၂၈၂ ဦးအား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စာစာအိပ်လို့ စာစာထလို့
စာစာလမ်းလျှောက်ကြပါစို့

☆ စာမျက်နှာ ၁၀ မှ

လောကဓာတ်ခုံကား အစမှအဆုံး သာယာ၍ နေသည်မဟုတ်၊ ငိုပွဲလည်းရှိသည်။ ရွှင်ပွဲလည်းရှိသည်။ ဘဝနှင့် မကင်းကွာသူဟူသရွေ့သည် ငိုပွဲတစ်ခန်း၊ ရွှင်ပွဲတစ်ခန်း တွေ့ရမည်သာဖြစ်ပေသည်။ မည်သည့်ပွဲနှင့် တွေ့ရသည်ဖြစ်စေကာမူ ရှေးပုဂံသူ ပုဂံသားများကဲ့သို့ အားရှိရှိနှင့် တွေ့ကြခြင်းသာလျှင် စိတ်ဓာတ်၏တည်ကြည်ခိုင်မြဲရေးကို သန့်စင်တောင့်တင်းလျက် အမျိုးသားဗိမာန်ကြီး တည်ဆောက်ရေး၌ ခြေလှမ်းမှန်မှန်နှင့် ချီတက်နိုင်ကြပါစေ၊ လောကီလောကုတ္တရာနှစ်ဖြာနှင့် ကျော်လွှားခြင်းဖြင့် အေးချမ်းသာယာသည့်ဘဝကို မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုတောင်းရပါလိမ့်မည်။ ကျွန်တော်တို့တစ်တွေသည် သံသရာတစ်ကွေ့တွင် ယခုလိုဆုံတွေ့ရသည့်ဘဝ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း နေလိုသည့်ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရှေးရှုသည့်ဝိသေသ၊ နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါနှင့် နေနိုင်သည့် အခြေအနေကို ချစ်မြတ်နိုးကြရပါမည်။

**နိဂုံးချုပ်ရရင်ဖြင့်–**

၂၀၀၀ ပြည့်နှစ်များတွင် ပညာတတ်သည်ထက်တတ်အောင် အမျိုးသားရေးစရိုက်လက္ခဏာများ တည့်မတ်လာသည်ကို တွေ့ရပါသည်။ အရည်အချင်း မြင့်သထက်မြင့်အောင်၊ ကျွမ်းကျင်မှု အရည်အသွေး မြင့်သည်ထက်မြင့်အောင် တက္ကသိုလ်ကောလိပ်များ တည်ထောင်ခဲ့သည်မှာ အမျိုးသားလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ဆောင်ကြဉ်းပေးခြင်းပဲ ဖြစ်ပါသည်။ ပြည်သူတို့ ဘဝသစ်ဖန်တီးနိုင်ရေးတွင် ကိုယ်စိတ်နှစ်ဖြာ အေးချမ်းရန်၊ အကြမ်းမဖက်သည့် လူ့အသိုင်းအဝိုင်း တည်ထောင်နိုင်ရန်ပင် ဖြစ်ပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးပင်ဖြစ်ပါသည်။ ဉာဏ်အမြော်အမြင်နှင့် မေတ္တာတို့ဖြင့် တိုင်းပြည်၏ ကံကြမ္မာကို ဖော်ဆောင်ပါလိမ့်မည်။

အတိတ်တွင် ကျန်ခဲ့ပြီဖြစ်သော ၂၀ ရာစု မြန်မာနိုင်ငံသည် အသစ်ပေါ်ထွန်းလာမည့် ၂၁ ရာစု မြန်မာနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းရဖွယ် အမွေအနှစ်များ၊ ကောင်းမွေများကို ယူတတ်ရန်နှင့် မကောင်းသည်ကို ပယ်တတ်သည့်အရည်အချင်း၊ ဉာဏ်အမြော်အမြင်များ ရှိကြရပါလိမ့်မည်။ အနာဂတ်တွင် ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများဖြင့် ပြည့်လျက်ရှိနေသည်မို့ ခရီးဆက်ကြရဦးမည်ဟု ယုံကြည်ပါကြောင်း မေတ္တာဖြင့် တင်ပြလိုက်ရပါသည်။

**ကျမ်းကိုး –**

- **ဦးသန့်၏ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်။ ရန်ကုန်ပန်းဝေဝေ စာပေ၊ ၂၀၁၃ ခုနှစ်**
- **ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန**
  **Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000**
- **"၂၀ ရာစု မြန်မာနိုင်ငံ" အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီး ဌာန၊ ၂၀၀၂ ခုနှစ် တက္ကသိုလ်များ ပုံနှိပ်တိုက်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၇၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၁၄,၃၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၇၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၂၉၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှု အနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုး တွေ့ရှိမှု အနေဖြင့် (၄၅) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရွှေတောင်မြို့နယ် ရွာထင်ကျေးရွာ၌ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေတောင်မြို့နယ် ဇယ်မကျေးရွာအုပ်စု ရွာထင်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ရွှေတောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး စိုးနိုင်၊ ရွှေတောင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူတို့က ရွာထင်ကျေးရွာ ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



အဆိုပါ ရွာထင်ကျေးရွာကွန်ကရစ်လမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာနေပြည်သူများ ကိုယ်တိုင် ဇူလိုင်လ တတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

**သုတ**

# မိတ္ထီလာမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းမြေပြင်ကွင်းဆင်းစစ်ဆေးခြင်း အသိပညာပေး ဟောပြောပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၃၀**

မိတ္ထီလာမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းမြေပြင်ကွင်းဆင်းစစ်ဆေးခြင်း အသိပညာပေး ဟောပြောခြင်းကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က အသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးငြေးဝင်းက ကွင်းဆင်းစာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မိတ္ထီလာမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ရက်ပေါင်း ၂၀ အတွင်း အဖွဲ့ပေါင်း ၁၇၅ ဖွဲ့ဖြင့် စာရင်းကောက်ယူသွားမည်ဖြစ်ပြီး တစ်ဖွဲ့လျှင် အဖွဲ့ဝင် ငါးဦးပါဝင်ပြီး တစ်ရက်လျှင် အိမ်ထောင်စု ၂၅ စုနှုန်းဖြင့် အိမ်ထောင်စု ၅၀၀ ကို ကောက်ယူသွားမည်ဖြစ်ရာ မြို့နယ်အတွင်း၌ ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ စုရှိသည့်အနက် အိမ်ထောင်စု လူဦးရေစာရင်း ၈၇၅၈၈ စု ရှိရာ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့( Working Group)များအနေနှင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး သင်တန်းများ ဖွင့်လှစ်ပို့ချထားပြီးဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# အင်းစိန်မြို့နယ်၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးသင်တန်းဖွင့်



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်းရှိ မြို့နယ်ခန်းမ၌ ကျင်းပရာ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၃) ဦးမင်းဆွေ (ခရိုင်လဝကဦးစီးမှူး)က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၅၂ ဦးဖြင့် ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ သင်တန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

**သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ**

# နီပေါနိုင်ငံ၌ တရုတ်-နီပေါနယ်စပ်ဖြတ်ကျော် ရထားလမ်းဖောက်လုပ်မည်

**ခတ္တမန္ဒူ ဒီဇင်ဘာ ၃၀**

နီပေါနိုင်ငံ၌ တရုတ်-နီပေါနယ်စပ်ဖြတ်ကျော် ရထားလမ်းဖောက်လုပ်ရန် တရုတ်ကျွမ်းကျင်သူများ ပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက်တွင် နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူသို့ လုပ်ငန်းဖြစ်နိုင်ခြေ( feasibility study) လေ့လာရန် ရောက်ရှိလာခဲ့ကြောင်းသိရသည်။

ယခုကဲ့သို့သောတရုတ်နိုင်ငံ၏ ဆောင်ရွက်ချက်သည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် နီပေါနိုင်ငံအား အိမ်နီးချင်းနိုင်ငံများနှင့် ကူးလူးဆက်သွယ်သွားလာနိုင်ရန်ပြုလုပ်ခြင်းဖြစ်ပြီး ဟိမဝန္တာဒေသ ဖြတ်ကျော် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးတိုးတက်လာစေရေးနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရေး အပါအဝင် တရုတ်နိုင်ငံမှ ဆောင်ရွက်နေသည့် စီးပွားရေးစင်္ကြံစီမံကိန်း အောင်မြင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါရထားလမ်းကို တရုတ်နိုင်ငံ၏ နယ်စပ်မြို့ဖြစ်သည့် ကီရမ်မှ ခတ္တမန္ဒူအထိ ဖောက်လုပ်သွားမည်ဖြစ်ပြီး အထက်ပါရထားလမ်းဖောက်လုပ်ရေးအတွက် တရုတ်နိုင်ငံရထားပို့ဆောင်ရေးဆိုင်ရာကွင်းဆင်းစစ်ဆေးရေးနှင့် ဒီဇိုင်းအင်ဂျင်နီယာမှ စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရထားလမ်းဖောက်လုပ်ရေးအတွက် တရုတ်နှင့်နီပေါနိုင်ငံမှပညာရှင်များ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း နီပေါရထားဌာနပြောရေးဆိုခွင့်ရှိသူ အေမန်ချက်ထရက်ကာက ပြောကြားသည်။

**ကိုးကား – စီဂျီတီအင်န်၊ ဘာသာပြန် – စိုးသူရ**






# ကမ္ဘောဒီးယားနိုင်ငံ ဟိုတယ်တစ်ခု မီးလောင်မှုဖြစ်၊ အနည်းဆုံး ၁၉ ဦး သေဆုံး

**ဖနောင်ပင် ဒီဇင်ဘာ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ ကာစီနိုကစားဝိုင်းများတည်ရှိရာ ဟိုတယ်တစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၉ ဦးသေဆုံးပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

နိုင်ငံ၏ အနောက်မြောက်ဘက်ပိုင်း ပိုရီပက်မြို့၌ရှိသည့် ဟိုတယ်တစ်ခုတွင် ယမန်နေ့ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

မီးလောင်မှုသတင်းကို ရရှိသည်နှင့် တစ်ပြိုင်နက် မီးသတ်သမားများကို အခင်းဖြစ်ပွားရာနေရာသို့ ပို့ဆောင်ကာ မီးငြိမ်းသတ်မှုကို စတင်လုပ်ဆောင်စေပြီး ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါဟိုတယ် ကာစီနိုအဆောက်အအုံ မီးလောင်မှုအတွင်း ပိတ်မိနေသူများကိုလည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိုရီပက်မြို့သည် ကမ္ဘောဒီးယားနှင့် ထိုင်းနှစ်နိုင်ငံနယ်စပ်ဒေသတွင်တည်ရှိပြီး နိုင်ငံခြားသားလောင်းကစားသမားများအား ဆွဲဆောင်သည့် ကာစီနိုနေရာအများအပြားရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၁၄၄၈ ခု ဖြစ်ပွား၊ သေဆုံးသူ ၆၃၆၄ ဦးရှိ

**ဟနွိုင်း ဒီဇင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ယာဉ်မတော်တဆ ဖြစ်ပွားမှုပေါင်း ၁၁၄၄၈ ခုရှိပြီး သေဆုံးသူ ၆၃၆၄ ဦး၊ ဒဏ်ရာပြင်းထန်စွာရရှိသူ ၄၂၁၅ ဦးနှင့် သာမန်ထိခိုက်ဒဏ်ရာရရှိသူ ၃၆၁၃ ဦးရှိကြောင်း ဗီယက်နမ်ယာဉ်ထိန်းဌာနက ပြောကြားသည်။

ယာဉ်မတော်တဆဖြစ်ပွားမှုအရေအတွက်သည် ပြီးခဲ့သည့်နှစ်အတွင်းဖြစ်ပွားခဲ့သည့် အရေအတွက်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၃ ရာခိုင်နှုန်းလျော့ကျသွားကြောင်း သိရသည်။ အလားတူ သာမန်ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်သည် ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ သေဆုံးမှုအရေအတွက်သည် ၉ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဒဏ်ရာပြင်းထန်စွာရရှိသူအရေအတွက် ၇ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျသွားကြောင်း သိရသည်။

ယခုနှစ်အတွင်း တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ယာဉ်မတော်တဆမှု ၃၁ ခုရှိပြီး သေဆုံးသူ ၁၇ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၂ ဦးရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုပေါင်း ၁၁၄၅၄ ခုရှိပြီး သေဆုံးသူပေါင်း ၅၇၀၀ ကျော်ရှိကာ ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၈၀၀၀ နီးပါးရှိကြောင်း ဗီယက်နမ်ဗဟိုစာရင်းအင်းရုံးမှ ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန်– အောင်ကျော်ကျော်**

# ဘောလုံးဘုရင်ပီလီ ကွယ်လွန်

**ဆော်ပေါ်လို ဒီဇင်ဘာ ၃၀**



ကမ္ဘာ့ဖလား ဘောလုံးပွဲ၏ လက်ရွေးစင်ဘောလုံး အားကစားသမားအဖြစ် သုံးကြိမ်တိုင်တိုင် ရွေးချယ်ခံခဲ့ရသည့် ဘရာဇီး ဘောလုံးသမား ဘောလုံးဘုရင်ပီလီသည် အသက် (၈၂)နှစ်အရွယ်တွင် ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့ရှိ အစ္စရေးလီတာ အယ်လ်ဘတ်အိုင်းစတိုင်းဆေးရုံ၌ အူမကြီးကင်ဆာဖြင့် ဒီဇင်ဘာ ၂၉ ရက်က ကွယ်လွန်သွားကြောင်း ၎င်း၏ ဆရာဝန်များက ပြောကြားသည်။

ရာစုနှစ်တစ်ခုကြာ ထူးချွန်ဘောလုံးကစားသမား အဖြစ် ရပ်တည်ခဲ့သည့် ပီလီကိုဆေးရုံတွင် ကျန်းမာရေးစစ်ဆေးစဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်းလည်း စစ်ဆေးတွေ့ရှိခဲ့သည်။

**ထူးချွန်စွာရပ်တည်**

ဘောလုံးအကျော်အမော် ပီလီ ကွယ်လွန်ကြောင်း အတည်ပြုချက်ကို ၎င်း၏ တရားဝင်လူမှုဆက်သွယ်ရေးမီဒီယာ အင်စတာဂရမ်က ထုတ်ပြန်ခဲ့သည်။ ၎င်း ဖြတ်သန်းခဲ့ရာ ဘဝတစ်လျှောက်တွင် တီထွင်ဆန်းသစ်မှုများနှင့် မေတ္တာတရားကို အခြေခံပြီး ဘောလုံးအားကစားဖြင့် ထူးချွန်စွာရပ်တည်ခဲ့ကာ ကမ္ဘာပေါ်တွင် လူမှုရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းထားရှိခဲ့သည့် မေတ္တာတရားကို အခြေခံသည့် စိတ်ဓာတ်အမွေအနှစ်မှာ နောင်လာနောက်သားများအတွက် စံနမူနာယူစရာ အချက်အဖြစ် ကျန်ရစ်ခဲ့ကြောင်း သိရသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ရာစုနှစ်၏ အကောင်းဆုံးဘောလုံးအားကစားသမားဆုကို ဘရာဇီးနိုင်ငံမှ ဘောလုံးအားကစားသမားပီလီနှင့် အာဂျင်တီးနားနိုင်ငံမှ ဒီဂို မာရာ ဒိုနာတို့က ပူးတွဲရရှိခဲ့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာက ထုတ်ပြန်ကြေညာခဲ့သည်။

**ဝမ်းနည်းဖွယ်**

ဘရာဇီးနိုင်ငံမှထူးချွန်ဘောလုံးသမားပီလီ ကွယ်လွန်သည့်သတင်းသည် ဘရာဇီး ဘောလုံးအဖွဲ့ချုပ်အတွက် ဝမ်းနည်းဖွယ်အကောင်းဆုံး သတင်းဖြစ်ပြီး ၎င်း၏ထူးချွန်ပြောင်မြောက်မှုများအတွက် ထာဝရလေးစားဂုဏ်ပြုနေမည်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်အကြီးအကဲ အက်နာဒိုရော်ဒရီဂတ်စ်က ပြောကြားသည်။

ဘောလုံးအကျော်အမော်ပီလီသည် ဆော်ပေါ်လိုမြို့ရှိ အစ္စရေးလီတာအယ်လ်ဘတ်အိုင်းစတိုင်းဆေးရုံ၌ ကွယ်လွန်ခဲ့သည့်အတွက် ၎င်း၏မိသားစုအပါအဝင် ဘောလုံးပရိသတ်များကိုယ်စား ဝမ်းနည်းကြေကွဲရပါကြောင်း ဆော်ပေါ်လိုမြို့ရှိ အစ္စရေးလီတာအယ်လ်ဘတ်အိုင်းစတိုင်းဆေးရုံက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ ဂျီယောင်ဂင်း အဝေးပြေးလမ်းမပေါ်ရှိ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း၌ မီးလောင်မှုဖြစ်ပွား

**ဆိုးလ် ဒီဇင်ဘာ ၃၀**

တောင်ကိုရီးယား နိုင်ငံ၏ ဂွါချွန်ဒေသ ဂျီယောင်ဂင်း အဝေးပြေးလမ်းမပေါ်ရှိ အသံလုံ ဥမင်လိုဏ်ခေါင်း တစ်ခုအတွင်း မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး ခြောက်ဦး သေဆုံးကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။



အဆိုပါ အဝေးပြေးလမ်းမရှိ ဥမင်လိုဏ်ခေါင်းအတွင်း ဘတ်စ်ကားတစ်စီးနှင့်ထရပ်ကားတစ်စီး တို့တိုက်မိရာမှ မီးလောင်မှု ဖြစ်ပွားခဲ့ပြီး မီးခိုးများမှာ အထက်ပါ ဥမင်လိုဏ်ခေါင်းတစ်လျှောက် ပျံ့နှံ့သွားခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မီးသတ်ယာဉ် ၅၀ အပါအဝင် မီးသတ်သမား ၁၄၀ က သွားရောက် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## မော်တော်ယာဉ်တွင် မီးအပိုတပ်ဆင်အသုံးပြုခြင်းမရှိစေရေး အသိပေးနှိုးဆော်ချက်

၁။ မော်တော်ယာဉ်များတွင် မီးတပ်ဆင်ခြင်း၊ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ၊ နည်းဥပဒေ ၄၆ နှင့် နည်းဥပဒေ ၄၇ တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၂။ အချို့သောမော်တော်ယာဉ်များသည် မူလထုတ်လုပ်စဉ်က တပ်ဆင်ထားသောမီးများနှင့် ဥပဒေအရခွင့်ပြုထားသောမီးများအပြင် မော်တော်ယာဉ်၏ အရှေ့၊ အပေါ်၊ အောက်၊ ဘေး (ဘယ်၊ ညာ) နှင့် အနောက်တို့တွင် မီးအပိုတပ်ဆင်အသုံးပြုလျက်ရှိခြင်း၊ မော်တော်ယာဉ်ငယ်များတွင် အလှဆင်မီးများ တပ်ဆင်ခြင်းကြောင့် အခြားမော်တော်ယာဉ်မောင်းနှင်သူနှင့် လမ်းအသုံးပြုသူများကို အနှောင့်အယှက်ဖြစ်စေကာ ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ်များ ဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း မော်တော်ယာဉ်များတွင် ဥပဒေအရ သတ်မှတ်ခွင့်ပြုထားသော မီးများမှအပ မီးအပိုတပ်ဆင်ခြင်းမပြုကြပါရန်နှင့် လိုက်နာခြင်းမရှိက ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

## ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နေ ခိုင်သဇင်(ခ)လရောင်ချိုနှင့် ပန်းလေပြေလှိုင်(ခ)ဘေဘီတို့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ အသက် ၂၀ အရွယ် အမျိုးသမီး သုံးဦးတို့ကို နေပြည်တော်ရှိ စင်တင်တေးဂီတဆိုင်တွင် အလုပ်လုပ်ရမည်ဟု စည်းရုံးပြောဆို၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရွာကောက်နယ်မြေ ရဲစခန်း (ပ) ၁၃၂ / ၂၀၂၂၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပျဉ်းမနားခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ ခိုင်သဇင်(ခ) လရောင်ချိုနှင့် ပန်းလေပြေလှိုင် (ခ) ဘေဘီတို့အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ /၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မြမြစိုးက ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နေ မ ---၊ ၁၅နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်အမျိုးသားယူပါက တစ်နှစ်ပေါင်းသင်းလျှင် ငွေကျပ် သိန်း ၃၀ ခန့် ရမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ ခေါ်ဆောင်ကာ တရုတ်မယားအဖြစ်ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း (ပ) ၄၀၉၈/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ အင်းစိန်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ မြမြစိုးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် ကျွန်းသစ်၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တော-ကြိမ်ချောင်း ကားလမ်း၊ အောင်ဇေယျကျေးရွာအနီးတွင် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Mond တံဆိပ် စီးကရက်တောင့် ၇၅၀ (ခန့်မှန်းတန်ဖိုးကျပ် ၃၇၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Daihatsu Hijet အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းတို့တွင် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Shoe Buckles ၃၅၆၂ စုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀) နှင့် လက်ကိုင်စကားပြောစက်အလုံး ၃၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ FDA ထောက်ခံချက်နှင့် ကွဲလွဲစွာပါရှိလာသော အလှကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၃၉၀၁၉၅)နှင့် သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၄၀၇၅၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၅၃၀၉၄၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် အောင်လံမြို့နယ် အရှေ့ရိုးမကြိုးဝိုင်းအတွင်း၌ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၁၀၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၉၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၅၀၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၁၉၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၇ ရက်၊ ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၆၆၇၀၇၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁၂-၂၀၂၂ စနေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ တေရှ့ဂ်သုတ်အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | Weekly Sports Info |
| ၀၈:၃၅ | စစ်ပီးငြိမ်းချိန်တန်ပါပြီ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၁:၄၅ | စားမြိန်ဖွယ်ရာပျိုမေ့လက်ရာ |
| ၁၃:၃၀ | MRTV National News |
| ၁၆:၃၅ | (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် 'လွတ်လပ်ရေးတေးသံဗတီဟာန်' (အပိုင်း-၁) |
| ၁၇:၁၅ | (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် 'ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့်ခမ်းနားထွန်းပေါ်မြန်မာနိုင်ငံတော်' |
| ၁၇:၂၅ | နိုင်ငံကျော်အဆိုတော်မြန်မာပြည်သိန်းတန်၏ ကြယ်ကလေးများ၏အနာဂတ်တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် (အပိုင်း-၆) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတဝေဖြာသီရိဂေဟာ |
| ၁၉:၂၀ | (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဇာတ်လမ်း 'မိုးမြေသက်သေတို့သွေးချင်းတွေ' (အပိုင်း-၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ၂၀၂၃ နှစ်သစ်ကိုကြိုဆိုသည့် New Year Countdown Music Show တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၄:၀၀ | ၂၀၂၃ ခုနှစ်၊ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic: Thatta Htar Na (Sein Lei Lei) |
| 07:10 | Weekly Review |
| 07:26 | Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith |
| 07:43 | Myanmar Family Life: Rest & Recreation at the Zoo |
| 08:01 | News |
| 08:27 | Discovering Tribes: Yin Net Tribe - Their Life and Customs |
| 08:54 | Popa Flat-Topped Hill (Taung-Ka-Lat) |
| 08:58 | Quiz Time |
| 10:01 | News |
| 10:27 | Products of Myanmar - Myanmar Circular Stone Slab |
| 10:39 | Thilawa SEZ (Thriving Model Special Economic Zone) |
| 11:01 | Well-trained Elephants |

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဝ ဥအကြောင်းသိကောင်းစရာ

**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ပြောင်းပူးစေးဖက်ထုပ်

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ပုဒ္ဓိမြို့သို့အလည်တစ်ခေါက်ဘင်လှိုင်ဘုရား

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်နော်(အပိုင်း-၆)

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ကြက်သားသခွါးသီးချက်နည်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၇)

**စကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဖားစည်မြေမှရိုးရာအလှ(အပိုင်း-၁)

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | Weekly International News |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၈:၄၀ | (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၁၀ | နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးသတင်း |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'** |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်း |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၂) |

ညနေ ၆ နာရီစ၍ မန္တလေးမြို့၏ (New Year Countdown Music Show ) ဖျော်ဖြေတင်ဆက်မှုများကို အစီအစဉ်ပြီးဆုံးသည် အထိတိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည် ဖြစ်ပါသည်။

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင် |
| ၀၇:၀၀ | ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ် |
| ၀၇:၃၀ | ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံအဆင့်ဆင့် |
| ၀၉:၃၅ | တိုက်ကြီးဒေသထွက်ကျွဲကော |
| ၁၈:၀၀ | နေပြည်တော်၏ New Year Countdown Music Show တိုက်ရိုက်ထုတ်လွှင့်မှု |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/Weekly Sports Info/ Sports Diary |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၁၈:၀၀ | ရန်ကုန်မြို့၏ New Year Countdown Music Show တိုက်ရိုက်ထုတ်လွှင့်မှု |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၃၀

၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် ပြိုင်ပွဲအသီးသီး၌ ဆုရရှိခဲ့သည့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ဆုရရှိခဲ့သည့် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဆုရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အနေဖြင့် အားကစားနည်း ၁၀ မျိုးတွင် ရွှေတံဆိပ် ၃၂ ဆု၊ ငွေတံဆိပ် ၂၄ ဆုနှင့် ကြေးတံဆိပ် ၃၂ဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မင်းကင်းမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

မင်းကင်း ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ "လူငယ်နှင့် ရည်မှန်းချက်" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းအခမ်းအနားတွင် မင်းကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျင်ဝိုက်မန်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ဂျူလိုင်နေဝင်းနှင့် Grade-9 မှ မထက်ထက်ခင်၊ မအေးအေးချို၊ မောင်ထက်နိုင်လင်းနှင့် မောင်ကိုကိုနိုင်တို့က "လူငယ်နှင့်ရည်မှန်းချက်"ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းအား ဦးဆောင်ဆွေးနွေးခဲ့သော ကျောင်းသား ကျောင်းသူများကို မြို့နယ်ခေတ္တပညာရေးမှူးဦးမောင်လွင်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ရွှေဇဉ်အေးတို့က ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး မြို့နယ်အဆင့်နည်းပြသင်တန်းဖွင့်

ပဲခူး ဒီဇင်ဘာ ၃၀

ပဲခူးခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပဲခူးမြို့ အ.ထ.က (၅) ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ပဲခူးခရိုင်လဝကဦးစီးမှူး ဒေါ်ဖြူဖြူအေးက လူဦးရေစာရင်း မြေပြင်ကွင်းဆင်းရေးလုပ်ငန်း၊ မြေပြင်ရှိနှင့် အိမ်ထောင်စု လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အတွင်းရှိ အိမ်ထောင်စုလူဦးရေ တစ်ခုချင်းစီအား မှန်ကန်သော စာရင်းရရှိရေး မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်း စသည့်သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် နည်းပြသင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး စာရင်းကောက်အဖွဲ့ ၉၀၄ ဦးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၃၃၉ ဦး စုစုပေါင်း သင်တန်းသား ၁၂၄၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ ဆက်)**

## ဇလွန်မြို့နယ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုပေးအပ်ပွဲကျင်းပ

ဇလွန် ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစု ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေသြဇာနှင့်ယူရီးယားမြေသြဇာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြင်ရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများက ပြင်ရွာကျေးရွာအုပ်စုရှိနွေစပါးစိုက်ဧက ၂၀၀ အတွက် ယူရီးယားဓာတ်မြေသြဇာအိတ် ၄၀၀ ကို တောင်သူများထံ ပေးအပ်ခဲ့ကြပြီး ဇလွန်မြို့နယ်တွင် နွေစပါး Contract Farming ဆောင်ရွက်သည့် စုစုပေါင်းစိုက်ဧက ၃၄၀ ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



## သပိတ်ကျင်းမြို့နယ်တွင် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့်မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်းဖွင့်လှစ်

သပိတ်ကျင်း ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် နိုင်ငံသားကိုယ်ရေးအချက်အလက်နှင့်လူဦးရေစာရင်းများ မှန်ကန်စေရေးအတွက် မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ဆိပ်ကမ်းရပ်ကွက် ရွှေဝါဝင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး ခရိုင်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က မူဝါဒနှင့်ဖွဲ့စည်းပုံအား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများအလိုက် လူဦးရေစာရင်းမှန်ကန်စေရန် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးများ ဖွဲ့စည်းခြင်းနှင့် အိမ်ထောင်စုစာရင်း ရေးသွင်းခြင်းနှင့် စာရင်းကောက်များ သိထားသင့်သည့်အချက်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်စာရေးများ၊ စာရင်းကောက်များ၊ လူမှုရေးအသင်းအဖွဲ့များ တတ်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၃ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# “တူယှဉ်နွဲပျော် ဂီတပွဲတော်”သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၈) Grand Final ပြိုင်ပွဲတွင် Winner ဆုအား ရောဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော် ဂီတပွဲတော်” Seson–2 ပွဲစဉ်(၁၈) Grand Final ပြိုင်ပွဲကို ယနေ့ညပိုင်းက ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို(အေ)တွင် ကျင်းပသည်။



၂၀၂၂ ခုနှစ် တူယှဉ်နွဲပျော် ဂီတပွဲတော် (Season–2)၏ Winner ဆုရရှိသွားသော ရောဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် ကို ထပ်ဆင့်အကယ်ဒမီ ချိုပြုံးက ဆုချီးမြှင့်စဉ်။

**ကြည့်ရှုအားပေး**

ဂီတပွဲတော်၏ Grand Final ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော်ဝန်နှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေ၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ရောဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်တို့ က ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင်(MF03)၊ နေပြည်တော်မှ ပူတူး (MF09)နှင့် ရောဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10)တို့၏ ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက်သီချင်းများဖြင့် ယှဉ်ပြိုင်သီဆိုမှုကို ညှော်ပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးကြသည်။

**သောင်းသောင်းဖြဖြအားပေး**

ပြိုင်ပွဲဝင် သုံးဦး ယှဉ်ပြိုင်ပြီးနောက် ဧည့်သည်အဆိုတော်များဖြစ်ကြသည့် ရဲအောင်၊ စိုးသူ၊ Dဖြိုး၊ အိအိလှိုင်၊ စောဒယ်နီရယ်၊ ချိုမီမီဇော်၊ ဖူးဇေကရီဆောင်း၊ အင်ကြင်းနိုင်ဦးနှင့် ခိုင်သစ္စာတို့က ဖျော်ဖြေကြပြီး (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တူယှဉ်နွဲပျော် ဂီတပွဲတော် Season–2 ပိတ်ပွဲသီချင်း Group Song သီဆိုဖျော်ဖြေမှုတွင် တူယှဉ်နွဲပျော် အဖွဲ့သားများက “စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်” နှင့် “တူယှဉ်နွဲပျော် ဂီတပွဲတော်” တေးသီချင်းတို့ကို သံပြိုင်သီဆိုကြရာ တက်ရောက်အားပေးကြသည့် ပရိသတ်တို့က တစ်ခဲနက် သောင်းသောင်းဖြဖြ အားပေးကြသည်။

တူယှဉ်နွဲပျော် ဂီတပွဲတော် Season–2 သီချင်းဆိုပြိုင်ပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်မှစတင်၍ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင် ၄၅ ဦးကို ရန်ကုန်မြို့သို့ ဖိတ်ခေါ်၍ အပတ်စဉ် သောကြာနေ့တိုင်း ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက်တေးသီချင်းများအား ရက်သတ္တ ၁၈ ပတ်အကြာ ပြိုင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် အနုပညာရှင် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင် ခိုင်ဝါတို့က ဆောင်ရွက်ကြသည်။ သရုပ်ဆောင်/တေးသံရှင်များ ဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြပြီး ဒီဇင်ဘာ ၂၃ ရက်တွင် ကျင်းပခဲ့သည့် ပွဲစဉ်(၁၇) Semi Final ပြိုင်ပွဲတွင် စိုးထက်အောင်၊ ထွန်းပပအောင်နှင့် ပူတူးတို့က အကဲဖြတ်ဒိုင်တို့၏ ပေးမှတ် ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်တို့၏ SMS Voting ရမှတ် ၇၀ ရာခိုင်နှုန်းတို့ဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ပေးအပ်ချီးမြှင့်**

ယနေ့ည Grand Final ပြိုင်ပွဲတွင် ၂၀၂၂ ခုနှစ် တူယှဉ်နွဲပျော် ဂီတပွဲတော် (Season–2) ၏ Winner ဆုရရှိသွားသော ရောဝတီတိုင်းဒေသကြီးမှ စိုးထက်အောင်ကို ထပ်ဆင့်အကယ်ဒမီ ချိုပြုံးက လည်းကောင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင်ကို အကယ်ဒမီနေအောင်ကလည်းကောင်း၊ တတိယဆုရရှိသော နေပြည်တော်မှ ပူတူးကို တေးသံရှင်ခိုင်ဝါက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ Top(6)အဆင့်တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF 05)အား လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေက ကရင်ပြည်နယ်မှ ချိုသဲဦး(MF06)ကိုလည်းကောင်း၊ စန္ဒရားဦးမျိုးနိုင်က ကချင်ပြည်နယ်မှ လလဆွတ် (MF 07)ကိုလည်းကောင်း၊ Top(7) အဆင့်တွင် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ချင်းပြည်နယ်မှ မြင့်မြတ်သူ(MF 02)အားလည်းကောင်း၊ Top(10)အဆင့်တွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MF 08)အား လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးမောင်မောင်သန်းက စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား(MF04)ကို လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်က ကချင်ပြည်နယ်မှ မေဇီ(MF 01)ကို လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၇၆၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၂ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၇ |
| HSD (50 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (10 ppm) | ၂၃၂၆ | ၂၄၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဝရာဘိဝံသ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော် (၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါအရ ၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၅ ရက်၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (တနင်္လာနေ့) ည ၁၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၉ ရက်၊ ဒီဇင်ဘာ ၃၀ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# တွံတေးမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်လှစ်

**တွံတေး ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက တွံတေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တွံတေးမြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်ခန်းစာများကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသားများအဖြစ် တွံတေးမြို့နယ်အတွင်းရှိ ထွေ/အုပ် ဝန်ထမ်းများ၊ လ.ဝ.က ဝန်ထမ်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများမှဝန်ထမ်းများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၅၀၀ တက်ရောက်ခဲ့ကြပြီး ယခုဖွင့်လှစ်သော သင်တန်းသားများအား နည်းပြဆရာ ဆရာမ ၁၀ ဦးက ဆင့်ပွားသင်တန်းအဖြစ် ပြန်လည်ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မလှိုင်မြို့၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်လှစ်

**မလှိုင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီကကြီးမှူး၍ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချရာ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်း ကောက်ယူရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ကွင်းဆင်းအဖွဲ့များလိုက်နာရမည့်ကျင့်ဝတ်များနှင့် လုပ်ငန်းစဉ်များကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ကျော့ကျော့ခိုင်က မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်းစွမ်းငါးမျိုးအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသိန်းဟန်က မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လက်စွဲစာစောင်ပါ အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု ၅၆ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ပါဝင်ကူညီဆောင်ရွက်မည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၂၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# သင်္ဘောသားများအတွက် ဘဏ်ဝန်ဆောင်မှုများအကြောင်း သိကောင်းစရာဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ကကြီးမှူး၍ ပင်လယ်ကူးသင်္ဘောသားများအတွက် ဘဏ်ဝန်ဆောင်မှုများအကြောင်း သိကောင်းစရာဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ရုံး၌ကျင်းပသည်။

**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် ရိုးမဘဏ် Head of Working Capital Solutions မှ ကိုအောင်စိုးမင်းက ပင်လယ်ကူးသင်္ဘောသားများအတွက် အကောင်းမွန်ဆုံး ငွေလဲလှယ်နှုန်းဖြင့်ပေးအပ်သွားမည့် သင်္ဘောသားနိုင်ငံခြားငွေစာရင်းနှင့် ရိုးမဘဏ်နှင့်အခြားဘဏ် ATM များတွင် အလွယ်တကူငွေထုတ်ယူနိုင်သည့် Flexi Everday အကောင့် ဖွင့်လှစ်ပေးခြင်း၊ ပြည်ပလစာငွေဝင်ရောက်မှုများအတွက် ဝန်ဆောင်ခကင်းလွတ်ခွင့်ပေးခြင်း၊ သင်္ဘောသားများအတွက် Hire Purchase နှင့် အိမ်ရာချေးငွေများကိုပိုမိုလျှော့နည်းသော ကနဦးပေးသွင်းငွေနှင့် ဘဏ်ဝန်ဆောင်ခကင်းလွတ်ခွင့်ရမည့် အခွင့်အရေးများနှင့် အခြားဘဏ်ဝန်ဆောင်မှုများအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။



ထို့နောက် တက်ရောက်လာကြသည့် ပင်လယ်ကူးသင်္ဘောသားများနှင့်မိသားစုဝင်များက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ ယင်းနောက် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ပင်လယ်ကူးသင်္ဘောသားများနှင့် မိသားစုဝင်များအတွက် သင်္ဘောသား နိုင်ငံခြားငွေစာရင်းနှင့် ဘဏ်ဝန်ဆောင်မှုများအကြောင်း၊ အိမ်ရာချေးငွေများအကြောင်းတို့ကို ရှင်းလင်းပြောကြားသွားသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

**မျိုးမင်းသူရ**

# နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း ဒေသကြီး အရာတော်မြို့နယ် ဆံရစ် ကျေးရွာ ခမည်းတော် ဦးဘိုးရှိ မယ်တော် ဒေါ်တင်တို့မှ ၁၃၁၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၂၄ ခုနှစ်တွင် အရာတော်မြို့နယ် မကျည်းဇောက်ကျေးရွာ ရွှေထီးပေါက်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာစာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၂ ရက်နေ့တွင် အရာတော်မြို့နယ် မကျည်းဇောက်ကျေးရွာ ရွှေထီးပေါက်ကျောင်း ဆရာတော် ဘဒ္ဒန္တမာလာစာရကို ဥပဇ္ဈာယ်ပြု၍မိဘနှစ်ပါးတို့၏ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် အရာတော်မြို့နယ် မကျည်းဇောက်ကျေးရွာ၊ ရွှေထီးပေါက်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာစာရ၊ ဘဒ္ဒန္တဇဋိလ၊ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဘဒ္ဒန္တသောဘဏ၊ ဘဒ္ဒန္တခေမိန္ဒာဘိဝံသ စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများသင်ယူခဲ့ပြီး သာသနဓဇဓမ္မာ စရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် နိုင်ငံတော်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ဒုတိယအကြိမ်မှစ၍ ၁၃၇၁ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ ၁၃၇၁ ခုနှစ်မှ ၁၃၈၀ ပြည့်နှစ်အထိ နိုင်ငံတော်သံဃမဟာနာယကဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၈၀ ပြည့်နှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယဆေက ဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒ ဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၉ ခုနှစ်တွင် “ အဂ္ဂ မဟာပဏ္ဍိတ ” ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၇၄)နှစ် သိက္ခာတော်(၅၄)ဝါအရ ၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၅ ရက်၊ ၂၆-၁၂-၂၀၂၂ (တနင်္လာနေ့) ည ၁၀:၀၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမ အဂ္ဂိဈာပနအခမ်းအနားကို ၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၉ ရက်၊ ၃၀-၁၂-၂၀၂၂ (သောကြာနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 7: Lesson 2: What's she wearing?

**I. Complete the sentences with the words given below.**

cute nose forehead face
straight mouth eyes

1. His little sister is very beautiful and ___________.
2. My mother has got long ___________ hair.
3. She has got a smiling ___________.
4. I have a high ___________.
5. My friend has got a flat ___________.
6. My sister has got brown ___________.
7. He has got a wide ___________.

**II. Translate the following into English.**

1. ဘလောက်အင်္ကျီ = -------------------------
2. ဦးထုပ် = -------------------------
3. ရှူးဖိနပ် = -------------------------
4. ခြေညှပ်ဖိနပ် = -------------------------
5. ကွင်းထိုးဖိနပ် = -------------------------
6. ပုဆိုး = -------------------------
7. တိုက်ပုံ = -------------------------
8. စပို့ရှပ် = -------------------------
9. ဖိနပ်ရှည် = -------------------------
10. ထဘီ = -------------------------

**III. Rewrite the following sentences with "have/has got".**

**e.g. I ___________ a car.**

**I have got a car.**

1. Mother ___________ a new handset.
2. He ___________ short hair.
3. Father ___________ beard.
4. Uncle ___________ many friends.
5. Moe Lay ___________ two sisters.
6. I ___________ two brothers and one sister.
7. Our class teacher ___________ one son and one daughter.
8. Cho Mar ___________ a new bracelet.
9. Lwin Lwin and her mother ___________ beautiful white teeth.
10. They ___________ two houses.

**IV. Rewrite the following sentences with "am, is, are + Ving".**

**e.g. U Maung ___________ (read) the newspaper.**

**U Maung is reading the newspaper.**

1. They___________ (play) football.
2. Ko Ko ___________ (water) the plants.
3. Mother ___________ (cook) the chicken curry.
4. Father ___________ (drink) coffee.
5. Daw Lay ___________ (wash) the clothes.
6. Khin Khin ___________ (watch) the T.V.
7. Ohn Mar ___________ (surf) the internet.
8. Myo Myo ___________ (grow) the plants.
9. I ___________ (clean) the rooms.
10. He ___________ (eat) dinner.

**V. Rearrange the following sentences.**

1.looks / beautiful / She / . /

___________________________________.

2. tall / she / Is / ? /

___________________________________.

3. years / I'm / twelve / old / . /

___________________________________.

4. is / older / than / me / two years / She / . /

___________________________________.

5. wearing / He / is / a hat / . /

___________________________________.

**VI. Translate the following.**

1. ကိုကိုသည် ၁၈ နှစ်ရှိပါသည်။ (Ko Ko / (be) / 18 years old)

___________________________________.

2. သူသည် မိသားစုဝင်ထဲတွင် အရပ်အရှည်ဆုံးဖြစ်ပါသည်။ (He / (be)/ the tallest / among the family members)

___________________________________.

3. မူမူမှာ ဆံပင်အရှည်ရှိပါသည်။ (have/ long hair)

___________________________________.

4. ဇင်ဇင်မှာ ဘဲဥပုံမျက်နှာ ရှိပါသည်။ (have/ an oval face)

___________________________________.

5. ညီမလေးမှာ လှပပြီး ဖြူဖွေးသော သွားများ ရှိပါသည်။ (have/ beautiful white teeth)

___________________________________.

*******************

*Answers*

Lesson 2: What's she wearing?

I. 1.cute 2.straight 3.face 4.forehead 5.nose 6.eyes 7.mouth

II. 1. blouse 2. hat 3. shoes 4. flip-flops 5. slippers 6. paseo 7. taikpon 8. sport shirt 9. boots 10. htamein

III. 1.has got; 2.has got; 3.has got; 4. has got; 5.has got; 6.have got; 7.has got; 8. has got; 9. have got; 10. have got;

IV. 1. are playing; 2. is watering; 3. is cooking; 4. is drinking; 5. is washing; 6. is watching; 7. is surfing; 8. is growing; 9. is cleaning; 10. is eating;

V. 1.She looks beautiful. 2.Is she tall? 3.I'm twelve years old. 4.She is two years older than me. 5.He is wearing a hat.

VI. 1. Ko Ko is 18 years old. 2. He is the tallest among the family members. 3. Mu Mu has long hair. 4. Zin Zin has an oval face. 5. Nyi Ma Lay has beautiful white teeth.

*************************

## Grade 7

### Unit 5: Lesson 2 : Football

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We watched the football m________ on TV last night.
2. They easily defeated their o________s in Saturday's game.
3. A f________ team consists of eleven players.
4. Now I understand the basic r________s of chess.
5. Khin Khin is a very p________ girl in our class.
6. Her g________ is to become a famous writer.
7. The r________ blew his whistle to end the match.
8. The only goal was a p________ in the second half.
9. A football field is called a football p________.
10. A g________ is a player whose task is to stop the ball from entering the goal.

**II. Supply the correct form of the words given in brackets.**

1. (popular) Nowadays, eating out is ________ among the people in cities.
2. (attack) The ________ tried to score the other side's goal.
3. (big) Our school library is ________ than theirs.
4. (free) You can express your views ________.
5. (play) My brother is a famous tennis ________.
6. (warn) She gave me a ________ about the difficulties of the job.
7. (compete) The ________ is very strong this time.
8. (good) Maung Maung is the ________player in our football team.
9. (family) The name wasn't ________ to me.
10. (immediate) She sat down ________ behind me.

**III. Supply the correct form of the verbs given in brackets.**

1. (play) Can you ________ football?
2. (watch) I ________ the final match now.
3. (you, get) How ________ here?
4. (kick) Don't ________ the ball into the road.
5. (try) My sister ________ to be a doctor.
6. (use) How can I ________ it?
7. (head) The attacking player ________ the ball into the goal.
8. (commit) A number of thefts ________ by the boy last month.
9. (show) Khin Khin ________ me what she bought.
10. (leave) Don't ________ me alone.
11. (assist) Ma Ma ________ her brother with his homework.
12. (touch) Don't ________ the wet paints.
13. (defend) She ________ herself with a knife.
14. (attack) They ________ and finally won a penalty.
15. (allow) No one ________ to walk on the grass.

**IV. Choose the preposition that best completes the sentence.**

1.I looked back and he was ________ us.
(A) around (B) below (C) behind

2.We live in the mountains at 3,100 meters ________sea level.
(A) beneath (B) beyond (C) above

3.He works ________ the hospital.
(A) at (B) as (C) before

4.She arrived ________ 7:00.
(A) along (B) below (C) before

5.Can you see what is ________ those trees?
(A) against (B) about (C) beyond

6.My house is ________ the new hospital.
(A) between (B) beside (C) besides

7.Everyone is here, ________ Zaw Zaw.
(A) among (B) along (C) but

8.We sat ________ campfires.
(A) at (B) over (C) round

9.We stopped ________ a small restaurant for a quick meal.
(A) up (B) at (C) between

10.The new student sits ________ you and me.
(A) between (B) beneath (C) above

**V. Make questions about the words in bold.**

1. Zaw Lay works **in this company.**

___________________________________.

2. They went to **Singapore**.

___________________________________.

3. Ko Aung likes **a football match.**

___________________________________.

4. He discovered **the truth.**

___________________________________.

5. He was born **in 1990.**

___________________________________.

6. **Zu Zu** loves Toe Gyi.

___________________________________.

7. U Maung died **last year.**

___________________________________.

8. Mother drinks coffee **twice a day.**

___________________________________.

9. She often waits for **a bus** here.

___________________________________.

10. It is **my father's** car.

___________________________________.

********************

*Answers*

Lesson 2 : Football

I. 1. match; 2. opponents; 3. football; 4. rules; 5. popular; 6. goal; 7. referee; 8. penalty; 9. pitch; 10.goalkeeper;

II. 1.popular; 2.attacker; 3.bigger; 4. freely; 5. player; 6. warning; 7. competition; 8. best; 9. familiar; 10.immediately;

III. 1. play; 2. am watching; 3. did you get; 4. kick; 5. is trying; 6. use; 7. use; 8. headed; 9. were committed; 10. showed; 11. leave; 12. touch; 13.defended; 14. attached; 15.is allowed;

IV. 1. behind; 2. above; 3. at; 4. before; 5. beyond; 6. beside; 7. but; 8. at; 9. at; 10. between;

V. 1.Where does Zaw Lay work?
2.Where did they go?
3. What does Ko Aung like?
4. What did he discover?
5. When was he born?
6. Who loves to Toe Gyi?
7. When did U Maung die?
8. How often does mother drink coffee?
9. What does she often wait for here?
10. Whose car is it?

************************

## Grade 8

Unit 8

Lesson 2: Heaven or Paradise?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Can you give me a brief _____________ of the thief?
2. Ngwesaung is a famous beach r_____________.
3. An i___________ is a piece of land surrounded by water.
4. She came home with w_____________ news.
5. She is a n_____________ lover. She loves plants and animals.
6. All the rooms of the hotel are s______________ and comfortable.
7. Most restaurants of this town have outdoor p__________.
8. We should eat f_____________ and healthy foods.
9. Mother is cooking a d____________ dinner.
10. The beach is an i_____________ place for children to play.
11. The electric car is a u____________ design.
12. These are o____________ vegetables.
13. We can cook our meals in the k_______________.
14. Don't w__________ your time and money.
15. For your s_____________, keep your seat belt securely fastened.

**II. Supply the correct form of the words given in brackets.**

1. (coast) The ____________ area is hot and humid.
2. (wonder) It is ______________ to see them play together.
3. (nature) Climate change causes ____________ disasters.
4. (space) The rooms of the hotel are comfortable and ____________.
5. (seek) This place is suitable for a fun _____________.
6. (perform) We are pleased with her ______________.
7. (friend) The bank's staff are very _____________.
8. (safe) They arrived home ______________.
9. (safe) They should leave for their own _____________.
10. (benefit) Farmers are our ______________.

**III. Complete the sentences with the words given below. There are two extra words.**

organic performance nature wonderful
coastal self-catering experience

1. These _______________ fruits and vegetables are hygienic.
2. They gave an excellent _________________ on the stage.
3. Seagulls are mainly ________________ birds.
4. The hilly resort has many _________________ chalets.
5. She gained a lot of ______________ at that job.

**IV.Choose the correct answer (can or can't).**

1. I __________ (can, can't) speak English. I picked it up while I was in the US.
2. I __________ (can, can't) come to the party. I am really busy.
3. We __________(can, can't) hear you. The music is so loud.
4. Where are my keys? I __________ (can, can't) find them.
5. I __________ (can, can't) believe it. We won two million dollars.
6. We __________ (can, can't) meet tomorrow if you want.
7. __________ (can, can't) make me a cup of tea, please?
8. He __________ (can, can't) jump. His leg hurt so much.
9. Illiterate people __________ (can, can't) read and write.
10. Fish __________ (can, can't) breathe outside the water.
11. What sports __________ (can, can't) you play the best?
12. I am very hungry I __________ (can, can't) eat everything right now.
13. __________ (can, can't) you help me?
14. I __________ (can, can't) do my homework, it's too difficult.
15. The letters are very small. I __________ (can, can't) read anything.

**V. Arrange the words to make affirmative sentences.**

1. go / now / home / will / I / . /
 ____________________________________________.
2. give / the present / tomorrow / we / him / will / . /
 ____________________________________________.
3. her / met / last night / at / we / the station / . /
 ____________________________________________.
4. was / last week / he / in hospital / . /
 ____________________________________________.
5. in Chaungtha beach / spend / I / will / next year / my holiday/ . /
 ____________________________________________.
6. must / at five o'clock / leave / we / the house / . /
 ____________________________________________.
7. the library / take / I / the book / will / today / to / . /
 ____________________________________________.
8. my mum / breakfast / in the morning / made / . /
 ____________________________________________.
9. tonight / want / to the cinema / to go / we / . /
 ____________________________________________.
10. took / last week / they / at school / a test / . /
 ____________________________________________.

******************

Answers

Lesson 2: Heaven or Paradise?

I. 1. description; 2. resort; 3. island; 4. wonderful; 5. nature; 6. spacious; 7. patios; 8. fresh; 9.delicious; 10. ideal; 11. unique; 12. organic; 13. kitchentte; 14. waste; 15. safety;

II. 1. coastal; 2. wonderful; 3. natural; 4. spacious; 5. seeker; 6. performance; 7. friendly; 8.safely; 9. safety; 10. benefitors;

III. 1. organic; 2. performance; 3. coastal; 4. self-catering; 5. experience;

IV. 1. can; 2. can't; 3. can't; 4. can't; 5. can't; 6. can; 7. Can; 8. can't; 9. can't; 10. can't; 11. can; 12. can; 13. Can; 14. can't; 15. can't;

V. 1. I will go home now. 2. We will give him the present tomorrow. 3. We met her at the station last night. 4. He was in hospital last week. 5. I will spend my holiday in Chaungtha beach next year. 6. We must leave the house at five o'clock. 7. I will take the book to the library today. 8. My mum made breakfast in the morning. 9. We want to go to the cinema tonight.10.They took a test at school last week.

*******************

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Lesson–7 What will the weather be like tomorrow? နှင့် Lesson–8: How to study သင်ခန်းစာတွေနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson–9 The Greatest Inventor နှင့် Lesson 10 – The Olympic Games သင်ခန်းစာ တွေနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Review exercises on Lesson 9 The Greatest Inventor & Lesson 10 The Olympic Games**

I. Give a suitable word to complete each sentence.

1. I have an i_____ to give her a present.
2. Edison was the world's g_____ inventor.
3. Acids, carbon and phosphorous are c_____.
4. Reading n_____s makes us know what is happening in the world.
5. The electric bulb is one of the i_____ of Edison.
6. "N_____" is another word for "country".
7. Marathon is a very t_____ foot race.
8. Every school in Myanmar teaches their students to become good c_____s.
9. In the US, football is known as s_____.
10. Football is the most p_____ sport in the world.

**II.Supply the correct form of the word given in brackets.**

1. (electricity) Sun light is better than _____ light.
2. (history) Bagan is a _____ site.
3. (chemistry) _____ industries can cause air pollutions.
4. (invent) Edison's _____ are used today.
5. (interest) I am ____ in drawing.
6. (origin) No one exactly knows the _____ of the universe.
7. (distant) What is the _____ between Nay Pyi Taw and Yangon?
8. (high) Tell me about your age, _____ and weight.
9. (differ) The twins are very _____ in their manners.
10. (brave) We praised him for his _____.

**III. Supply the correct form of the verb given in brackets.**

1. (use) I can't lend you my computer. I _____ it.
2. (die) My lovely cat ___ suddenly last week.
3. (bear) My brother _____ in the year 2002.
4. (make) I _____ a special dinner for the family now.
5. (break) She _____ his leg in an accident yesterday.
6. (finish) I _____ my work now.
7. (hold) My birthday party _____ last week.
8. (stand) Cho Lay always _____ first in her class.
9. (know) Do you _____ her address or phone number?
10. (take) The doctor says I should _____ more exercise.

**IV. Answer the following.**

1. When and where was Edison born?
2. What is an inventor?
3. Where is an experiment made?
4. What are the throwing events?
5. When were winter games first started?

************

Ans: I.1. idea; 2. greatest; 3. chemicals; 4. newspapers; 5. inventions; 6. Nation; 7. tiring; 8. citizens; 9. soccer; 10. popular;

II.1. electric; 2. historical; 3. chemical; 4. Inventions; 5. interested; 6. origin; 7. distance; 8. height; 9. different; 10. bravery;

III.1. am using; 2. died; 3. was born; 4. am making; 5. broke; 6. am finishing; 7. was held; 8. stands; 9. know; 10. take;

IV.1. Edison was born at Milan, Ohio in the United States of America, on February 11, 1847. 2. An inventor is a person who makes something new for the first time.3. An experiment is made in a laboratory.4. The throwing events are shot put, discus and javelin. 5. Winter games were first started only in 1924.

************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

❂ AFF Cup ပြိုင်ပွဲမှ

မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ လာအိုအသင်းသည် ပွဲစကတည်းက ခံစစ်အသားပေးကစားသောကြောင့် မြန်မာအသင်းက ဖိကစားနိုင်သော်လည်း လာအိုအသင်းက နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၁၂ မိနစ်တွင် ဗောင်ချင်ကမ်က လာအိုအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၁၅ မိနစ်တွင် ကွင်းလယ်ကစားသမား ကျော်မင်းဦးက မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဖိကစားနိုင်သော်လည်း ထိရောက်သည့် တိုက်စစ်ဆင်မှုများ မပြုလုပ်နိုင်သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းအစတွင် လာအိုအသင်း ဒုတိယဂိုးထပ်မံရခဲ့ပြီး ရာချာချက်က အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ချေပဂိုးရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် အခွင့်အရေးများအသုံးမချနိုင်သဖြင့် ပွဲပြီးခါနီး နာကျင်အချိန်ပိုမှ ချေပဂိုးပြန်လည်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ၉၀+၆ မိနစ်တွင် မောင်မောင်လွင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန် သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် မြန်မာအသင်းက သုံးပွဲကစား တစ်မှတ်၊ လာအိုအသင်းက ပွဲကုန်လေးပွဲကစား တစ်မှတ် ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇန်နဝါရီ ၃ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - သော်ကြီး

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံမျိုးဂျာ ဂျာနယ် ထွက်ရှိ



၁-၁-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၁) တွင်
- စိန်ရတုလွတ်လပ်ရေးမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့
- ပဲမျိုးစုံစိုက်လျှင် ကနဦးဒုက္ခပေးသည့် ပိုး
- ချည်မျှင်ရှည်ဝါ အထွက်ကောင်းစေသည့် နည်းစနစ်များ
- အအေးပိုင်းဒေသတွင်ဖြစ်ထွန်းသော စီးပွားဖြစ် နှမ်းမဲလုံးစိုက်ပျိုးရေးအကြောင်း
- ကျောက်ပန်းတောင်းမြို့နယ်တွင် ကြက်သွန်စိုက်ပျိုးတောင်သူများ ဈေးကောင်း၍ အဆင်ပြေလျက်ရှိ
- မွေးမြူရေးလုပ်ငန်းများတွင် နေရာမှန် ရွေးချယ်ဆောင်ရွက်ပါ
- ဝက်များကို ကျွေးမွေးစောင့်ရှောက်နည်း
- သံပရာသီး အသုံးဝင်ပုံများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

## လားရှိုးမြို့နယ်၌ ဆောင်းနေကြာစုပေါင်းမျိုးစေ့ချစိုက်ပျိုးခြင်းနှင့် မျိုးစေ့မြေဩဇာထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

လားရှိုး ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာတွင် ယနေ့နံနက် ၉ နာရီက ဆောင်းနေကြာစုပေါင်းမျိုးစေ့ချစိုက်ပျိုးခြင်းနှင့် မျိုးစေ့မြေဩဇာ ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်လိုအပ်ပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ခရိုင်အတွင်း ဆီဖူလုံမှုရာခိုင်နှုန်းတိုးတက်လာပြီး ကျန်းမာရေးနှင့်ညီညွတ်သော ဆီထွက်သီးနှံများ၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမောင်မောင်အေးက တက်ရောက်လာသူများကို ခင်းကျင်းပြသထားသော မျိုးစေ့နှင့် မြေဩဇာများကို ရှင်းလင်းပြသခဲ့သည်။ ထို့နောက် လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့နှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်းအောင်ကျော်စိုး

## မြန်မာနိုင်ငံစာရင်းကောင်စီ၏ (၁၈)ကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ (၁၈)ကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် (၁/၁၉)၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ ၌ ၁၀-၁-၂၀၂၃ (အင်္ဂါနေ့)၊ နံနက် (၉:၀၀) နာရီတွင်ကျင်းပပါမည်။

